# ANNUAL REPORT

## 2020-2021

## (PROVEN GROUP OF COMPANIES)




**P**

အရည်အသွေး ပြည့်ဝစွာဖြင့် ဆောင်ရွက်ပြီး တာဝန်ယူမှု တာဝန်ခံမှု အပြည့်အဝ ရှိသည့် လုပ်ငန်းစုတစ်ရပ် အဖြစ်ရပ်တည်ရန်၊

**R**

အများပြည်သူ၏ ယုံကြည်စိတ်ချမှုကို ခံယူနိုင်သည့် လုပ်ငန်းစုတစ်ရပ် ဖြစ်ပေါ်လာစေရန်၊

**O**

အကြံအဉာဏ်အသစ်များနှင့် ဆန်းသစ်တီထွင်မှုများကို အစဉ်အမြဲဖော်ဆောင်ရန်၊

**V**

အရောင်းကိုယ်စားလှယ်ကြီးများ၊ လုပ်ဖော်ကိုင်ဖက်ညီ အကို မောင်နှမများ၊ အစုရှယ်ယာရှင်များနှင့် ပူးပေါင်းပြီး လုပ်ငန်းအသီးသီးမှတဆင့် တစ်ဦးကိုတစ်ဦး အကျိုးပြုသည့် ရလဒ်ကောင်းများကို ဖော်ဆောင်ရန်၊


**E**

ကောင်းမွန်သော ပြောင်းလဲမှုများကို အစဉ်အမြဲ ပံ့ပိုးပြီး ခွန်အားများပေးရန်၊

**N**

တီထွင်ကြံဆမှုမှ တဆင့် လူမှုအသိုင်းအဝိုင်းကို အကျိုးပြုသည့် ဆောင်ရွက်ချက်များကို ဆောင်ရွက်ရန်၊

Since 1996



ASEAN-OSHNET BEST PRACTICES AWARD 2016

www.proven.com.mm

မာတိကာ


အခန်း(၁)

ဥက္ကဋ္ဌ၏နှုတ်ခွန်းဆက်

အခန်း(၂)

PROVEN GROUP OF COMPANIES

၂.၁ CEO အမှာစကား

၂.၂ အထင်ကရ ဆောင်ရွက်ချက်များ

၂.၂.၁ PG ၏ လုပ်ဆောင် ပေးနိုင်ခဲ့မှုများ

၂.၃ သမိုင်းအကျဉ်းချုပ်

၂.၃.၁ ဖွဲ့စည်းပုံ

၂.၃.၂ မျှော်မှန်းချက်၊ ရည်ရွယ်ချက်၊ ခံယူထား သည့်တန်ဖိုး သတ်မှတ်ချက်များ နှင့် ကတိကဝတ်

၂.၃.၃ နိုင်ငံတကာ အသိမှတ်ပြုလက်မှတ်များ နှင့်ဆုတံဆိပ်

၂.၄ လုပ်ငန်း အဝန်းအဝိုင်း

၂.၄.၁ Proven Distribution Co., Ltd:

၂.၄.၂ Proven Technology Industry Co., Ltd

၂.၄.၃ Proven PolyWorld Co., Ltd

၂.၄.၄ Proven International Co., Ltd

၂.၄.၅ Yangon Metal Industry Co., Ltd

အခန်း(၃)
ခေါင်းဆောင်မှု

၃.၁ စီမံခန့်ခွဲမှု အဖွဲ့

အခန်း(၄)
စီမံအုပ်ချုပ်မှု

၄.၁ ပိုင်ဆိုင်မှု

၄.၂ စီမံအုပ်ချုပ်မှု

၄.၃ ဒါရိုက်တာအဖွဲ့

၄.၃.၁ ဒါရိုက်တာအဖွဲ့ ဖွဲ့စည်းပုံ

၄.၃.၂ ဒါရိုက်တာအဖွဲ့ တာဝန်ဝတ္တရားများ

၄.၃.၃ ဒါရိုက်တာအဖွဲ့ကိုယ်စားလှယ်လွှဲအပ်မှု

၄.၃.၄ ဒါရိုက်တာအဖွဲ့ အစည်းဝေးကျင်းပမှု

၄.၃.၅ နှစ်ပတ်လည် အထွေထွေအစည်းဝေး ကျင်းပမှု

၄.၄ ဒါရိုက်တာအဖွဲ့၏ ကော်မတီများ

၄.၄.၁ အမည်စာရင်း တင်သွင်းရေးနှင့် အခ ကြေးငွေ သတ်မှတ်ရေးကော်မတီ

၄.၄.၂ စာရင်းစစ်နှင့်ဆုံးရှုံးနိုင်ခြေရှိ အန္တရာယ် များ စီမံခန့်ခွဲမှု ကော်မတီ

၄.၄.၃ စီးပွားရေး ဖွံ့ဖြိုး တိုးတက်ရေး လုပ်ဆောင်မှု ကော်မတီ

၄.၄.၄ စီးပွားရေး စဉ်ဆက်မပြတ် ဆောင်ရွက် နိုင်ရေးဆိုင်ရာ ကော်မတီ

အခန်း(၅)
ရေရှည်တည်တံ့ခိုင်မြဲမှု

၅.၁ ရေရှည်တည်တံ့ခိုင်မြဲမှု

၅.၁.၁ Compliance and Sustainability Officer ခန့်ထားခြင်း

၅.၂ PROVEN GROUP OF COMPANIES နှင့် ကုလသမဂ္ဂ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုး တိုးတက်မှု ပန်းတိုင်များ

၅.၃ ရေရှည်တည်တံ့ခိုင်မြဲမှု

၅.၃.၁ လူမှုရေးဆိုင်ရာ

၅.၃.၁.၁ စွမ်းဆောင်ရည် ပိုင်းဆိုင်ရာ

၅.၃.၁.၂ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်ကျန်းမာရေးဆိုင်ရာ

၅.၃.၁.၃ လူမှု ကာကွယ်စောင့်ရှောက်ပေးရေးဆိုင်ရာ

၅.၃.၁.၄ လူ့စွမ်းအား ရင်းမြစ် ဆိုင်ရာ

၅.၃.၂ သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ

၅.၃.၃ အမြတ်အစွန်းဆိုင်ရာ

၅.၄ ဆုံးရှုံးနိုင်ခြေရှိ အန္တရာယ်များအား စီမံခန့်ခွဲခြင်း

၅.၅ လူမှု့ အဖွဲ့အစည်း

၅.၆ အကျိုးစီးပွားဆိုင်ရာ သက်ဆိုင်သူများ နှင့် ချိတ်ဆက်မှု

အခန်း(၆)
လက်ရှိ ဖြစ်ပေါ်နေသည့် အခြေအနေများနှင့် PROVEN GROUP OF COMPAINES၏ ကြိုးပမ်း ဆောင်ရွက်ချက်များ

၆.၁ Covid-19 တားဆီးကာကွယ်ရေးဆိုင်ရာ ဆောင်ရွက် ချက်များ

၆.၂ စိန်ခေါ်မှုများအပေါ် တုန့်ပြန်ဆောင်ရွက်ခြင်း

အခန်း(၇)
PROVEN GROUP OF COMPANIES ၏ အနာဂတ်အစီအမံများ

အခန်း(၈)
ဒါရိုက်တာအဖွဲ့၏ အစီရင်ခံစာ

PROVEN
GROUP OF COMPANIES



## ဥက္ကဋ္ဌ၏ နှုတ်ခွန်းဆက်

လေးစားအပ်ပါသော အစုရှယ်ယာရှင်များ၊ ဒါရိုက်တာအဖွဲ့ဝင်များနှင့် စီမံအုပ်ချုပ်မှုအဖွဲ့များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေကြောင်း နှုတ်ခွန်းဆက်သအပ်ပါသည်။

ယခုလို(၂၆) နှစ်မြောက်ကျော်လွန်ခဲ့တဲ့အချိန်မှာ အကျိုးတူ ကုမ္ပဏီများတိုးပွားလာတာနဲ့အတူ Group of Companies ကြီးတစ်ခုကို ထူထောင်နိုင်ခဲ့ပြီ ဖြစ်ပါတယ်။ ကောင်းမွန်သောကော်ပိုရိတ်စီမံခန့်ခွဲမှုကို ပိုမိုအားထည့်ပြီး ဆောင်ရွက်လာနိုင်ခဲ့လို့ ရေရှည် တည်တံ့ခိုင်မြဲရေး အတွက် အထောက် အကူပြုတာကို လည်းတွေ့မြင်ကြရမှာ ဖြစ်ပါတယ်။ ဒါ့အပြင် ဒါရိုက်တာအဖွဲ့အနေနဲ့လည်း ကော်မတီသုံးရပ်မှာ မိမိတို့အတွေ့အကြုံ၊ လုပ်သက်၊ အရွယ်စတဲ့ စုံညီပါဝင်ပြီး ခွဲဝေတာဝန် ယူပေးကြတဲ့အတွက်လည်း ကျေးဇူးတင်ရှိပါကြောင်း ပြောကြားလိုပါတယ်။

လက်ရှိ အခြေအနေဟာ စိန်ခေါ်မှုများလွှမ်းနေတဲ့ အခြေအနေမှာ ရှိနေလင့်ကစား Group of Companies ရဲ့ ထုတ်ကုန်များ ဖြစ်တဲ့ Toyo နဲ့ Lion အမှတ်တံဆိပ် ဘက်ထရီများဟာ ဈေးကွက်မှာ နေရာတစ်ခုကို တည်တည်ငြိမ်ငြိမ် ထိန်းထားနိုင်တာ ကိုလည်း တွေ့မြင်နေကြရမှာ ဖြစ်ပါတယ်။

အဓိကအချက်ကတော့ ကိုဗစ်ကပ်ဘေးကာလနဲ့ အခက်အခဲ အမျိုးစုံကြားထဲမှာ စက်ရုံများလည်ပတ်ရေးကို မပျက်စေဖို့ ကြိုးပမ်း ခဲ့ကြတဲ့ဝန်းထမ်းအားလုံးရဲ့ လုံ့လဝီရိယ စွမ်းအားကို အသိအမှတ်ပြုရမှာ ဖြစ်ပါတယ်။ လူသားချင်းစာနာ ထောက်ထားမှုအနေနဲ့ ကိုဗစ်ရောဂါကာကွယ်ရေးကို အထောက်အကူပြုရာမှာ အောက်စီဂျင်အိုးများ အတွက် အရည်ဖြည့်သွင်းပေးခြင်း၊ ကုမ္ပဏီဝန်ထမ်း အားလုံးကို ကာကွယ်ဆေးများထိုးနိုင်ခြင်း၊ လိုအပ်သောဆေးဝါးများကို လှူဒါန်းပံ့ပိုးပေးခြင်းစတဲ့ C.S.R များကိုလည်း ကုမ္ပဏီအနေနဲ့ ဆောင်ရွက်ပေးနိုင်ခဲ့တာကို တွေ့ရှိရပါတယ်။

ရေရှည်တည်တံ့ဖွံ့ဖြိုးဖို့အတွက် စီမံကိန်းအသစ်များကြံဆစဉ်းစားလုပ်ဆောင်နေကြပြီး အဆင်ပြေမဲ့နေရာသစ်တွေမှာ ဆိုင်ခွဲတွေဖွင့်လှစ်ဖို့ ကြိုးပမ်းနေကြောင်း သိရှိရပါတယ်။ ကုမ္ပဏီတစ်ခု ကြီးထွားလာဖို့ အချက်များမှာ ရင်းနှီးမြှုပ်နှံမှုအင်အား၊ စီမံခန့်ခွဲမှု အတွေ့အကြုံနဲ့ အရည်အချင်းပြည့်ဝမှု၊ စူးစမ်းလေ့လာပြီး တိုးတက်စေဖို့ တီထွင်ကြံဆမှုတို့ပဲ ဖြစ်ကြပါတယ်။ ဒီအချက်တွေကို ဒါရိုက်တာအဖွဲ့ရဲ့ ကြီးကြပ်လမ်းညွှန်မှုနဲ့ စီမံခန့်ခွဲမှုဆိုင်ရာ ပုဂ္ဂိုလ်များက ဖြည့်ဆည်းပေးနိုင်တဲ့ အတွက်ကြောင့်သာ ဖြစ်ကြောင်း မီးမောင်း ထိုးပြလိုက်ပါတယ်။

အစုရှယ်ယာရှင်ကြီးများအတွက်လည်း နှစ်စဉ်အစုပေါ်အမြတ်ငွေများ ခွဲဝေနိုင်ခဲ့သလို ကုမ္ပဏီရဲ့ ရှယ်ယာတွေကိုလည်း တန်ဖိုးတက်အောင် အစဉ်ကြိုးပမ်းဆောင်ရွက် နိုင်ခဲ့မှုတွေကိုလည်း အထူးပဲ ဝမ်းမြောက်မိပါတယ်။ အခုလို Stakeholders တွေအားလုံး အကျိုးဖြစ်ထွန်း အောင်ကြိုးပမ်းပေးခဲ့ကြတဲ့ ဒါရိုက်တာအဖွဲ့ဝင်များ၊ စီမံအုပ်ချုပ်မှုအဖွဲ့များ၊ ဝန်ထမ်းများ၊ Customersများ အားလုံးအထူးပင် ကျေးဇူးတင်ရှိပါကြောင်း နဲ့ ရှေ့ကိုလည်း ယခုလိုပဲ အားလုံး တက်ညီလက်ညီ ဝိုင်းဝန်း ကြိုးပမ်း ပေးကြဖို့ မေတ္တာရပ်ခံအပ်ပါတယ်။

နိဂုံးချုပ်အနေနဲ့ အားလုံး အန္တရာယ် ကပ်ဘေးအပေါင်းမှကင်းဝေးကြပြီး၊ ကျန်းမာချမ်းသာ တိုးပွားကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။

အားလုံးကိုကျေးဇူးတင်ပါတယ်။



ထွန်းမြင့်
ဥက္ကဋ္ဌ



အခန်း(၂)

# PROVEN GROUP OF COMPANIES

PROVEN
GROUP OF COMPANIES



## Proven Group CEO ၏အမှာစကား

အစုရှယ်ယာရှင်များနှင့် ဒါရိုက်တာ အဖွဲ့ဝင်များခင်ဗျား

ပထမဦးစွာ အနေနဲ့ PROVEN GROUP OF COMPANIES ကိုယ်စား ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ ချမ်းသာခြင်းနှင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါ တယ်။

ကျွန်တော်အနေနဲ့ ယခုလို PROVEN GROUP OF COMPANIES ရဲ့ ၂၀၂၁-၂၀၂၂ခုနှစ် တစ်နှစ်ပတ်လုံး ကြိုးစားအားထုတ်ခဲ့ကြသော လုပ်ငန်းအသီးသီးရှိတာဝန်ရှိသူများ၊ အစဉ်ပံ့ပိုးပေးသော အစုရှယ်ယာရှင်များနှင့် ဒါရိုက်တာအဖွဲ့ဝင်များအား အထူး ကျေးဇူးတင်ကြောင်းလည်း ပြောကြား အပ်ပါတယ်။

၂၀၂၁-၂၀၂၂ခုနှစ်အတွင်းမှာ PROVEN GROUP OF COMPANIES အနေနဲ့ အခြား စီးပွားရေး လုပ်ငန်းများစွာနည်းတူ စိန်ခေါ်မှုများ၊ အကြပ်အတည်းများ၊အပြောင်းအလဲများစွာကို တွေ့ကြုံခဲ့ရပါတယ်။ အဆိုပါ စိန်ခေါ်မှုများ၊ အကြပ်အတည်းများ၊ အပြောင်းအလဲများကို ထိရှမှုအနည်းဆုံး ဖြစ်အောင်တုန့်ပြန် ဖြေရှင်း ဆောင်ရွက်ခဲ့ပါတယ်။ ဒါပေမဲ့ အခုအချိန် ထိတော့ အဆိုပါ စိန်ခေါ်မှုများ၊ အကြပ်တည်းများ၊ အပြောင်း အလဲများက ရှိနေဆဲဖြစ်ပြီး ရင်ဆိုင်ဖြေရှင်း ဆောင်ရွက် နေဆဲ အချိန်လည်း ဖြစ်ပါတယ်။

ကျွန်တော်တို့ ပတ်ဝန်းကျင်မှာလုပ်ငန်းတစ်ချို့ ပြိုလဲသွား တာ၊ ရပ်ဆိုင်းလိုက်ရာတွေ မြင်ကြား တွေ့ကြုံရတာကို ကြားသိနေရပါတယ်။ သို့ပေမဲ့လည်း PROVEN GROUP OF COMPANIES အနေနဲ့ ပေါ်ပေါက်လာတဲ့အခင်း အကျင်းမှာအရွေ့ တစ်ခုမှာ အောင်မြင်အောင် ဆောင်ရွက် သွားမှာဖြစ်ကြောင်းကတိပေး ပြောကြား အပ်ပါတယ်။ အခုလို အချိန်အတွင်း အရွေ့အသစ်တစ်ခုဖြစ်အောင် ဆောင်ရွက်နေတဲ့ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဝန်ထမ်းများအပေါ်မှာ ယုံကြည်မှု အပြည့်နဲ့ လက်ခံခွင့်ပြုပေးခဲ့တဲ့ အစုရှယ်ယာ ရှင်များနှင့် ဒါရိုက်တာ အဖွဲ့ဝင်များကို ကျေးဇူးတင်ရှိပါ ကြောင်း ထပ်လောင်း ဖော်ပြအပ်ပါတယ်ခင်ဗျား။

ကျွန်တော့်အနေနဲ့ PROVEN GROUP OF COMPANIES ကို ယှဉ်ပြိုင်နိုင်စွမ်းရှိတဲ့ လုပ်ငန်းစုတစ်ရပ် ဖြစ်ဖို့ဆက်လက် ကြိုးပမ်းဆောင်ရွက် သွားမှာ ဖြစ်ပါတယ်။ ဒီလိုကြိုးပမ်းရာမှာလည်း ကျွန်တော်တို့ရဲ့ PROVEN GROUP ကို အာဆီယံဒေသအတွင်း အဆင့် ယှဉ်ပြိုင်နိုင်မှု အလားတူ ကုမ္ပဏီများနည်းတူ ဖြစ်လာအောင် ရည်ရွယ်လုပ်ဆောင်သွားမှာ ဖြစ်ပါတယ်၊

အဲ့ဒီ ကြိုးပမ်း ဆောင်ရွက်မှုများမှာ PROVEN GROUP OF COMPANIES ကို ကော်ပိုရိတ်ပုံစံ ဖြစ်ပေါ် လာစေရေး ဆိုင်ရာစီမံခန့်ခွဲမှု အသစ်များဖြစ်ပေါ်လာစေဖို့ လိုအပ်တဲ့ စီမံခန့်ခွဲမှု များ ဆောင်ရွက်ပေးနိုင်ဖို့ စီမံခန့်ခွဲမှု အဆင့် ဝန်ထမ်းအသစ်များ ထပ်မံခန့်ထား ခြင်း၊ လုပ်ငန်းတစ်ရပ် အရှည်တည်တံ့စေရေးရဲ့ အဓိက ဆောင်ရွက်ချက်ဖြစ်တဲ့ သင်ယူမှုနဲ့ ဖွံ့ဖြိုးရေး နှင့် အရှည်တည်တံ့ခိုင်မြဲရေးများ ဆိုင်ရာ ဆောင်ရွက်ချက်များကို လုပ်ငန်းစဉ်များ ချမှတ် အကောင်အထည်ဖော် ဆောင်ရွက်သွားမှာ ဖြစ်ပါ တယ်။

အဲ့ဆောင်ရွက်ချက်များနှင့်အတူ PROVEN GROUP OF COMPANIES အနေနဲ့ မြန်မာနိုင်ငံရဲ့ စီးပွား ရေး နယ်ပယ်မှာ ဂုဏ်သိက္ခာ ရှိစွာ ရပ်တည်နိုင်တဲ့ လုပ်ငန်းစုတစ်ရပ်အဖြစ် အရှည်တည်တံ့ ရပ်တည် သွားရင်း နိုင်ငံတော်ရဲ့ လိုအပ်ချက် များ ဆောင်ရွက်ပေးနိုင်တဲ့ မူဘောင်အဝန်းထဲရှိနေတဲ့ အလုပ်အကိုင် အခွင့် အလမ်းများ ဖန်တီးပေးခြင်း အစရှိသည်တို့ကို ဆောင်ရွက် နေမှာဖြစ်သလို အဆိုပါ ဆောင်ရွက်ချက်များကိုလည်း ကုလသမဂ္ဂ အရှည်တည်တံ့ရေးဆိုင်ရာ ရည်မှန်းချက်ပန်းတိုင်များအပေါ် အထောက်အပံ့ဖြစ်အောင် ချိန်ညှိ ဆောင်ရွက် သွားမှာ ဖြစ်ပါတယ် နိဂုံးချုပ် ပြောကြား အပ်ပါတယ်။

အားလုံးကို ကျေးဇူးတင်ရှိပါကြောင်းနှင့် ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာစေရန် ဆုမွန် ကောင်း တောင်းအပ် ပါသည်ခင်ဗျာ။

သန်းထိုက်လွင်

အမှုဆောင်အရာရှိချုပ်




## ၂.၂ ၂၀၂၀-၂၀၂၁ PROVEN GROUP OF COMPANIES ၏ အထင်ကရ ဆောင်ရွက်ချက်များ

| | | |
|---|---|---|
| **Oxygen and Gas Cylinder Donation**<br><br>မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ် Oxygen Generation Task Force Committee (OGTFC) သို့ Proven Group of Companies က Oxygen Cylinder (40)Liters အသစ် အလုံး (၂၀) နှင့် Oxygen Gas အလုံး (၂၀၀) အား လည်းကောင်း၊ Proven Group ဝန်ထမ်းများ၏ မိသားစုဝင်များ နှင့် အများပြည်သူသို့ Oxygen Gas အိုး အလုံးရေ (၃၀၀၀)ခန့်အားလည်းကောင်း COVID-19 ကာလအတွင်း အောက်ဆီဂျင် လိုအပ်သော လူနာများ အသုံးပြုနိုင်ရန် လှူဒါန်းခဲ့ပါသည်။ | **18th - Transparency in Myanmar Enterprises (2021)**<br>PWINT THIT SA<br>Transparency in Myanmar Enterprises<br>၂၀၂၀ ပြည့်နှစ်တွင် ပွင့်သစ်စက ထုတ်ပြန်သည့် ပွင့်လင်းမြင်သာမှု အရှိဆုံး မြန်မာနိုင်ငံ ကုမ္ပဏီစာရင်းတွင် အဆင့် ၁၈ နေရာတွင် ဆက်လက်ရပ်တည်နိုင်ခဲ့ပါသည်။ ။ | **Responsible Group of Companies**<br>PROVEN GROUP OF COMPANIES LIMITED<br>PROVEN GROUP OF COMPANIEအနေဖြင့် ရယူထားခဲ့သည့် ချေးငွေများ အကုန်ပေးဆပ်နိုင်ခဲ့ခြင်း၊ အခွန်အခ၊ ဝန်ဆောင်မှု စရိတ်၊ ဝန်ထမ်းလစာတို့ကို အချိန်နှင့် တပြေးညီပေးသွင်းနိုင်ခဲ့ပြီး နောက်ကျ ကြေး၊ ဒဏ်ကြေးချမှတ်ခံရမှု မရှိအောင် ဆောင်ရွက်ခဲ့ပါသည်။ |
| **Appointment of Complinace and Sustainability Officer**<br><br>Complinace and Sustainablity Officer ခန့်ထားနိုင်ခဲ့ပါသည်။ | **Donation**<br><br>လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာ ကလေးငယ်များ ၏ ဘဝဖွံ့ဖြိုး တိုးတက်ရေး လေ့ကျင့် ပျိုးထောင်ပေးရာတွင် အထောက် အပံ့ ဖြစ်စေရန်ရည်ရွယ်၍ မွေးမြူရေးပဒေသာပင် မတည် လှူဒါန်းခဲ့ပါသည်။ | **Learning and Development**<br><br>PROVEN GROUP OF COMPANIES ၏ ရေရှည် တည်တံ့ခိုင်မြဲပြီးဟန်ချက်ညီသည့်ဖွံ့ဖြိုး တိုးတက်မှု ဆိုင်ရာ လုပ်ဆောင်ချက် တစ်ရပ် အဖြစ် Learinng and Development အစီအစဉ် တစ်ရပ်ကို စတင်နိုင် ခဲ့ပါသည်။ |

PROVEN
GROUP OF COMPANIES

## ၂.၂.၁ PROVEN GROUP OF COMPAINES ၏ ၂၀၂၀-၂၀၂၁ ဆိုင်ရာ လုပ်ဆောင် ပေးနိုင်ခဲ့မှုများ

### Social (People)

| | | |
|---|---|---|
| 99%<br>of employees are permanent-contracted ones<br>အမြဲ ခန့်ဝန်ထမ်း | 600+ Hours<br>Total training hours provided to workforce<br>လေ့ကျင့် သင်ကြား ပေးခဲ့မှုများ | 27%<br>of workforce are female<br>အမျိုးသမီးဝန်ထမ်းများ |

### Environment (Planet)

| | | |
|---|---|---|
| 3<br>Spillage<br>ယိုဖိတ်မှုများ | 2,315 Tons CO2 Eq<br>Carbon Emission<br>ကာဗွန် ထုတ်လွှတ်မှု | 7,225,452 KWh<br>Energy Comsumption<br>စွမ်းအင်သုံးစွဲမှု |

### Customer

| | | |
|---|---|---|
| 91%<br>Nationwide distribution coverage<br>နိုင်ငံတဝှမ်းဖြန့်ဖြူးရောင်းချမှု | 5000+<br>Sale touch points and retail outlets<br>လက်လီလက်ကားရောင်းချသည့်ဆိုင် အရေအတွက် | 15%~22%<br>Of automotive and lighting battery users are using Toyo & Lion Battery<br>Toyo နှင့် Lion အမှတ်တံဆိပ် မော်တော်ကားဘက်ထရီနှင့်မီးထွန်းအိုးဘက်ထရီ သုံးစွဲသူများ |

### Community

| | | |
|---|---|---|
| MMK 43 million<br>Was spent for our philanthropic activities.<br>ပရဟိတလုပ်ငန်းများတွင် လှူဒါန်းမှု | 3,610+<br>People who were benefited<br>အကျိုးပြုလူဦးရေ | 9+<br>Number of events<br>လူမှုအကျိုးပြုပွဲများတွင် ပါဝင်ဆင်နွှဲမှု အရေအတွက် |

CONFIDENTIAL




PROVEN GROUP OF COMPANIES သည် မော်တော်ကားနှင့် ဆိုင်ကယ်သုံး၊ လုပ်ငန်းသုံး၊ အထူးသုံး နေရာများအတွက် TOYO နှင့် LION အမှတ်တံဆိပ် ခဲအက်ဆစ်ဘက်ထရီများ၊ ဘက်ထရီ လုပ်ငန်းသုံးခဲများ ပြန်လည် သန့်စင်ထုတ်လုပ်ခြင်း လုပ်ငန်း၊ Plastic Injection လုပ်ငန်း၊ Lubricants၊ Automotive Parts နှင့် Accessoriesများ တင်သွင်း ဖြန့်ဖြူးရောင်းချခြင်းများ ကို လုပ်ကိုင်နေသည့် ကုမ္ပဏီအစုအဖွဲ့တစ်ခု ဖြစ်ပါသည်။ ၁၉၉၆ခုနှစ်တွင်PROVEN သည်ဘက်ထရီ ထုတ် လုပ်ခြင်း ဖြင့် လုပ်ငန်းစတင်ခဲ့ရာမှ အဆိုပါ ဘက်ထရီထုတ် လုပ်ခြင်း လုပ်ငန်းနှင့် ဆက်စပ်လုပ်ငန်းများ၊ ဖြန့်ဖြူး ရေး လုပ်ငန်းများကိုပါ ဆက်လက်တိုးချဲ့ လုပ်ကိုင်ခဲ့ ပါ သည်။


PROVEN GROUP OF COMPANIES သည် နိုင်ငံတကာ အရည် သွေးမီ ထုတ်ကုန်အဆင့်အတန်းနှင့် ဆောင်ရွက်ပုံ များ၊ လုပ်ငန်း ခွင် ဘေးအန္တရာယ်ကင်းရှင်းရေး နှင့် ကျန်းမာရေး စီမံခန့်ခွဲစနစ် ISO:45001 (ယခင် OHSAS:18001)၊ ပတ်ဝန်း ကျင်စီမံခန့်ခွဲရေး ISO:14001 နှင့် အရည်အသွေး စီမံခန့်ခွဲမှု ISO:9001 တို့ကို ထိန်းသိမ်း လိုက်နာလျက် ရှိပါသည်။ ပတ်ဝန်းကျင်ကျန်းမာရေး၊ လုံခြုံရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ၊ ဓာတု ဗေဒဆိုင်ရာ ထုတ်လုပ်ရေး၏ လှုပ်ရှားမှုတစ်ခုဖြစ်သော Responsible Care ကိုလည်း လုပ်ဆောင်လျက် ရှိပါသည်။

Provenသည် မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှု လက်မှု လုပ်ငန်းရှင်များအသင်း (UMFCCI)၊ မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများအသင်း (MIA)တို့၏ အဖွဲ့ဝင် တစ်ဦး ဖြစ်သည့် အပြင် လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်း ရေးနှင့် ကျန်းမာရေး၊ သဘာဝ ပတ်ဝန်းကျင် ထိခိုက်မှု မရှိစေရေး ဆိုင်ရာ ဓာတုပစ္စည်းများ ထုတ်လုပ်သည့် လုပ်ငန်းများ၏ လှုပ်ရှားမှု တစ်ခု ဖြစ်သည့် Responsible Care အသင်းဝင် တစ်ဦးလည်း ဖြစ်ပါသည်။

CONFIDENTIAL

## ၂.၃.၁ PROVEN GROUP OF COMPANIES ဖွဲ့စည်းပုံ

PROVEN GROUP သည် စဉ်ဆက်မပြတ်ပြောင်းလဲနေသည့် အခြေအနေများ၊ စိန်ခေါ်မှုများအား မှန်ကန်ထိရောက်စွာ တုံ့ပြန်ဖြေရှင်း နိုင်စေရန်၊ အရှည်တည်တံ့ဖွံ့ဖြိုးမှုနှင့် ဟန်ချက်ညီစေရန် PROVEN GROUP OF COMPANIESအား အောက်ပါအတိုင်း ၂၀၂၁ ခုနှစ်မှ စတင်၍ ဖွဲ့စည်းထားပါသည်-




CONFIDENTIAL

## ၂.၃.၂ PROVEN GROUP OF COMPANIES မျှော်မှန်းချက်၊ ရည်ရွယ်ချက်၊ ခံယူထားသည့် တန်ဖိုးသတ်မှတ်ချက်များနှင့် ကတိကဝတ်

### PROVEN GROUP OF COMPANIES ၏ မျှော်မှန်းချက် (Our Vision)

- မြန်မာနိုင်ငံ ခဲအက်ဆစ် ဘက်ထရီထုတ်လုပ်မှု ကဏ္ဍတွင် ဦးဆောင်သူအဖြစ် ရှိနေမှုအား ထိန်းသိမ်းထားရန်၊
- မြန်မာနိုင်ငံရှိ မော်တော်ယာဉ်တပ်ဆင်ခြင်းနှင့် ကုန်ထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုကို ထောက်ပံ့ပေးရန်နှင့် ဒေသတွင်းအဆင့် အသိအမှတ်ပြု မြန်မာကုန်အမှတ် တံဆိပ်အဖြစ် ဖြစ်လာစေရန်။

### PROVEN GROUP OF COMPANIES ၏ ရည်ရွယ်ချက် (Our Mission)

- အောင်မြင်မှုအတွက် အဖြေရှာခြင်းဖြင့် သုံးစွဲသူများ၏စိတ်ကျေနပ်မှုနှင့်အရည်အသွေးစဉ်ဆက်မပြတ်တိုးတက် စေခြင်း၊
- မြန်မာနိုင်ငံ၏ မော်တော်ကား ဘက်ထရီ နံပါတ်တစ် အမှတ်တံဆိပ် ဖြစ်လာစေရန်၊
- ထုတ်ကုန်ပစ္စည်းများကို ပြည်ပသို့တင်ပို့မှုများ မြှင့်တင်၍ ဈေးကွက်ဦးဆောင်သူ ဖြစ်လာစေရန်။
- စွမ်းအင် သိုလှောင်မှု နှင့်ပတ်သက်သည့် ကုန်ပစ္စည်းနှင့်သက်ဆိုင်ရာဝန်ဆောင်မှုပေးသော GROUP OF COMPANIES ဖြစ်လာစေရန်။

### PROVEN GROUP OF COMPANIES ၏ ခံယူထားသည့် တန်ဖိုးသတ်မှတ်ချက်များ (Our Values)

| | | |
|---|---|---|
| P | Professional | To stand as an accountable and responsible Coporate with the quality of performance.<br>အရည်အသွေး ပြည့်ဝစွာဖြင့်ဆောင်ရွက်ပြီး တာဝန်ယူမှု တာဝန်ခံမှု အပြည့်အဝရှိသည့် လုပ်ငန်းစု တစ်ရပ် အဖြစ်ရပ်တည်ရန်၊ |
| R | Reliability | To create a Corporate that can be trusted by the public and stakeholders.<br>အများပြည်သူ၏ ယုံကြည်စိတ်ချမှုကိုခံယူနိုင်သည့် လုပ်ငန်းစု တစ်ရပ် ဖြစ်ပေါ် လာစေရန်၊ |
| O | Open Minided | To consistently encourage innovation and welcome new ideas<br>အကြံဉာဏ်သစ်များနှင့် ဆန်းသစ်တီထွင်မှုများကို အစဉ်အမြဲဖော်ဆောင်ရန်၊ |
| V | Value Creation | To achieve mutually beneficial results by collaboration with wholesalers, retailers and stakeholders through Corporate<br>အရောင်းကိုယ်စားလှယ်ကြီးများ၊ လုပ်ဖော်ကိုင်ဖက်ညီ အကိုမောင်နှမများ၊ အစုရှယ်ယာရှင်များနှင့် ပူးပေါင်းပြီး လုပ်ငန်းအသီးသီးမှတဆင့် တစ်ဦးကိုတစ်ဦး အကျိုးပြုသည့် ရလာဒ်ကောင်းများကို ဖော်ဆောင်ရန်၊ |
| E | Embrace Change | To give strength by supporting positive changes in any case.<br>ကောင်းမွန်သော ပြောင်းလဲမှုများကို အစဉ်အမြဲ ပံ့ပိုးပြီး ခွန်အားများပေးရန်၊ |
| N | Novelty and Innovation | To carry out the measures which can contribute the benefit of the society through innovative inventions.<br>တီထွင်ကြံဆမှုမှ တဆင့် လူမှုအသိုင်းအဝိုင်းကို အကျိုးပြုသည့် ဆောင်ရွက်ချက်များကို ဆောင်ရွက်ရန်။ |

CONFIDENTIAL

## PROVEN GROUP OF COMPANIES ၏ ကတိကဝတ် (Our Commitment)

- PROVEN GROUP OF COMPANIES သည် လေးစား တန်ဖိုးထားရသော သုံးစွဲသူများအတွက် အရည်အသွေးမြင့် ထုတ်ကုန်နှင့် ဝန်ဆောင်မှုများပေးရန် အစဉ် အလေးထားပါသည်။
- PROVEN GROUP OF COMPANIES၏ ကုန်ပစ္စည်းအရည်အသွေးအပေါ် အာမခံအပြည့်ပေးခြင်းနှင့် မြန်မာနိုင်ငံ၏ တိုင်းဒေသကြီးများနှင့် ပြည်နယ်များ၊ အဓိက မြို့ကြီးများတွင်လည်း ဘက်ထရီဆိုင်ရာဝန်ဆောင်မှုများ ဆောင်ရွက် ပေးမည် ဖြစ်ပါသည်။

CONFIDENTIAL



## ၂.၃.၃ နိုင်ငံတကာ အသိမှတ်ပြုလက်မှတ်များနှင့် ဆုတံဆိပ်

PROVEN GROUP OF COMPANIES ၏ သက်ဆိုင်ရာ စက်ရုံများ၊ ကုမ္ပဏီများသည် အရည်သွေးပိုင်းဆိုင်ရာ ISO 9001:2015 ၊ သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ ISO 14001:2015 နှင့် လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ISO 45001:2018 လက်မှတ်များ ရယူထားပြီး နှစ်စဉ် သတ်မှတ်ချက်များနှင့် အညီလုပ်ဆောင်နေမှုများအပေါ် external auditor များ ၏ online နှင့် on site စစ်ဆေးမှုခံယူကာ သက်တမ်း ရှိနေအောင် ဆောင်ရွက် ထားပါသည်။

လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ဆောင်ရွက်ချက်များအပေါ် ၂၀၁၆ခုနှစ်တွင် အာဆီယံဒေသ အတွင်း ဆုဖြစ်သည့် ASEAN-OSHNET BEST PRACTICES AWARD ကို PROVEN GROUP OF COMPANIES ၏ PROVEN TECHNOLOGY INDSUTRY ကုမ္ပဏီက ရရှိထားခဲ့ပါသည်။

| ISO 14001: 2015 EMS Certificate | ISO 45001:2018 OSH Certificate |
| --- | --- |
|  |  |

| ISO 9001: 2015 QMS Certificate | ASEAN-OSHNET Best Practices Award 2016 |
| --- | --- |
|  |  |

CONFIDENTIAL

## ၂.၄ PROVEN GROUP OF COMPANIES လုပ်ငန်း အဝန်းအဝိုင်း

PROVEN GROUP OF COMPANIES လုပ်ငန်းအဝန်းအဝိုင်းမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

### ၂.၄.၁ PROVEN DISTRIBUTION CO., LTD

PROVEN DISTRIBUTION သည် အမှတ် (F/S-14)၊ ရွှေစံပယ်ရိပ်မွန်အိမ်ယာ၊ ဘုရင့်နောင်လမ်းမကြီး၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့တွင် တည်ရှိပါသည်။ အုပ်ချုပ်မှု ဒါရိုက်တာ ဦးသန်းထိုက်လွင်က ဦးဆောင် စီမံခန့်ခွဲပြီး PROVEN TECHNOLOGY INDUSTRY ကထုတ်လုပ်သည့် TOYOနှင့် LION အမှတ်တံဆိပ် ဘက်ထရီများကို မြန်မာ တစ်နိုင်ငံလုံးသို့ ဖြန့်ဖြူးသည့် လုပ်ငန်းကို လုပ်ကိုင် ဆောင်ရွက်လျက်ရှိပါသည်။

### ၂.၄.၂ PROVEN TECHNOLOGY INDUSTRY CO., LTD

PROVEN TECHNOLOGY INDUSTRY သည် အမှတ် (၉၄၊ ၁၃၆၊၁၃၇) ၊ (၄၂)ရပ်ကွက်၊စက်မှုဇုံ (၁) ၊ ခရေလမ်း၊ရွှေပြည်သာမြို့နယ်၊ရန်ကုန်မြို့တွင်တည်ရှိပါသည်။ အုပ်ချုပ်မှု ဒါရိုက်တာ ဦးသန်းထိုက်လွင်က ဦးဆောင် စီမံ ခန့်ခွဲပြီး TOYOနှင့် LION အမှတ်တံဆိပ်ဘက်ထရီများထုတ်လုပ်ခြင်းကို လုပ်ကိုင် ဆောင်ရွက်လျက် ရှိပါသည်။

### ၂.၄.၃ PROVEN POLYWORLD CO., LTD

PROVEN POLYWORLDသည် အမှတ်(၁၁၄)၊ ခရေလမ်း၊ (၄၂)ရပ်ကွက်၊စက်မှုဇုံ (၁)၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့ တွင် တည်ရှိပါသည်။ အုပ်ချုပ်မှု ဒါရိုက်တာ ဦးအေးကိုက ဦးဆောင် စီမံခန့်ခွဲပြီး ဘက်ထရီ အိုးများနှင့် ပလတ် စတစ် ပစ္စည်းများ ထုတ်လုပ်သည့် လုပ်ငန်းကို လုပ်ကိုင် ဆောင်ရွက်လျက် ရှိပါသည်။

### ၂.၄.၄ PROVEN INTERNATIONAL CO., LTD

PROVEN INTERNATIONALသည် အမှတ် K8-K9၊ သီရိရတနာလက်ကားစေျး၊ အမှတ်(၃)လမ်းမကြီး၊ မင်္ဂလာဒုံ မြို့နယ်၊ ရန်ကုန်မြို့တွင်တည်ရှိပါသည်။ အုပ်ချုပ်မှုဒါရိုက်တာ ဦးအောင်သူစည်ကဦးဆောင် စီမံခန့်ခွဲပြီး State နှင့် AISIN အမှတ် တံဆိပ် အင်ဂျင်ဝိုင်၊ 3M အမှတ်တံဆိပ် Auto Care ပစ္စည်းများ တင်သွင်းဖြန့်ဖြူးရောင်းချသည့် လုပ်ငန်းကို ဆောင်ရွက်လျက် ရှိပါသည်။

### ၂.၄.၅ YANGON METAL INDUSTRY CO., LTD

YANGON METAL INDUSTRY သည် အမှတ် (၂၆၁၊၂၆၂ ၊၂၆၃)၊ ပါရမီလမ်း၊ မြောင်းတကာ စက်မှုဇုံ၊ မှော်ဘီ မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် တည်ရှိပါသည်။ အုပ်ချုပ်မှု ဒါရိုက်တာ ဦးတင့်မျိုးနိုင်က ဦးဆောင် စီမံ ခန့်ခွဲပြီး ဘက်ထရီလုပ်ငန်းသုံး ခဲပြန်လည်သန့် စင်ထုတ် လုပ်သည့် လုပ်ငန်းကို လုပ်ကို ဆောင်ရွက် လျက် ရှိပါသည်။



CONFIDENTIAL

အခန်း(၃)

# ခေါင်းဆောင်မှု

အခန်း (၃) ခေါင်းဆောင်မှု

PROVEN GROUP OF COMPANIES ၏ အရှည်တည်တံ့ဖွံ့ဖြိုးမှုနှင့် စီးပွားရေးအောင်မြင်မှု ဟန်ချက်ညီစေရန် အရေးကြီးသည့် ခေါင်းဆောင်မှုအခန်းကဏ္ဍအား ဒါရိုက်တာအဖွဲ့နှင့် စီမံခန့်ခွဲမှုအဖွဲ့က တာဝန်ယူ ဆောင်ရွက်ကြပါသည်။

## ၃.၁ စီမံခန့်ခွဲမှု အဖွဲ့ (Management Team)



ဦးသန်းထိုက်လွင်သည် အမေရိကန်နိုင်ငံ Bemidji State University မှ B.Sc (Management, Marketing and Small Business Management) ဘွဲ့ကို ရရှိခဲ့ပါသည်။ IFC နှင့် Myanmar Institude of Director (MIOD) တို့မှ ကျင်းပသည့် Corporate Governance Programme သင်တန်းကို တက်ရောက်အောင်မြင်ထားသည့် Certified Director တစ်ဦးဖြစ်ပါသည်။

ဦးသန်းထိုက်လွင်သည် ၂၀၀၅ ခုနှစ်တွင် PTIC ကုမ္ပဏီ၏ အထွေထွေမန်နေဂျာ၊ ၂၀၁၀ ပြည့်နှစ်တွင် လုပ်ငန်းလည်ပတ်ရေး အရာရှိချုပ် (COO) နှင့် ၂၀၁၆ ခုနှစ်မှ စ၍ အုပ်ချုပ်မှု ဒါရိုက်တာ အဖြစ် တာဝန်များ ထမ်းဆောင်ခဲ့ပါသည်။ ဦးသန်းထိုက်လွင်သည် Proven Group ကို ပွဲ့စည်းတည်ထောင်ခဲ့ပြီး Group CEO အဖြစ်လည်း တာဝန်ယူ ဆောင်ရွက်လျက်ရှိပါ သည်။

Proven Group၏ ညီနောင် ကုမ္ပဏီများ၊ Myanmar Automobile Development Public Co., Ltd တို့တွင် ကိုယ်စားလှယ် ဒါရိုက်တာအဖြစ်ဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် ရန်ကုန်တိုင်းဒေသကြီးလူငယ်စွန့်ဦးတီထွင် လုပ်ငန်းရှင်များ အသင်းနှင့် ရန်ကုန်တိုင်း ဒေသကြီး မော်တော်ယာဉ် အပိုပစ္စည်း လုပ်ငန်းရှင်များ အသင်းတို့၏ ဥက္ကဋ္ဌ၊ မြန်မာ့မော်တော်ယာဉ်ဖွံ့ဖြိုးမှု အများနှင့် သက်ဆိုင်သည့် ကုမ္ပဏီ ဥက္ကဋ္ဌ အဖြစ် ရွေးချယ် တင်မြှောက်ခြင်း ခံခဲ့ရပါသည်။၂၀၁၉ခုနှစ်တွင် Young Alumni Award ဆုကို Bemidji State University ၏ နှစ် (၁၀၀)ပြည့် နှစ်ပတ်လည် နှင့် Gala ညစာစားပွဲတွင် ချီးမြှင့်ခြင်း ခံခဲ့ရပါသည်။ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ဆောင်ရွက်ချက်များအပေါ် ၂၀၁၆ခုနှစ်တွင် အာဆီယံဒေသအတွင်း ဆုဖြစ်သည့် ASEAN-OSHNET BEST PRACTICES AWARD ကို PROVEN GROUP OF COMPANIES ၏ PROVEN TECHNOLOGY INDSUTRY **ကုမ္ပဏီက** ရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

ထို့အပြင် Proven Group အနေဖြင့် **ပွင့်သစ်စက ထုတ်ပြန်သည့် ပွင့်လင်းမြင်သာမှု အရှိဆုံး မြန်မာနိုင်ငံ ကုမ္ပဏီများ စာရင်းတွင် အဆင့် ၁၈ နေရာတွင် ဖော်ပြခံရခြင်း၊ အခွန်ပေးဆောင်မှုတွင် ကုန်သွယ် လုပ်ငန်း ခွန် အဆင့်တွင် အများဆုံး ပေးဆောင်သည့် ကုမ္ပဏီ ၂၀၀ စာရင်းတွင်လည်းကောင်း၊ ဝင်ငွေခွန် အဆင့်တွင် အများဆုံးပေးဆောင်သည့် ကုမ္ပဏီ ၃၀၀ စာရင်းတွင် လည်းကောင်း ရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။**

CONFIDENTIAL



ဒေါ်မြမြသန်းသည် မော်လမြိုင် တက္ကသိုလ်မှ B.Sc (Physics) ကို ရရှိခဲ့ပါသည်။ ၁၉၉၆ ခုနှစ်တွင် ခင်ပွန်းဖြစ်သူ ဦးအုန်းလွင် နှင့် အတူ PTIC ကုမ္ပဏီကို စတင်တည်ထောင်ရာတွင် ပါဝင်ခဲ့သူလည်းဖြစ်ပါသည်။

PTIC ကုမ္ပဏီ၏ ဒါရိုက်တာ (ဘဏ္ဍာရေး) ရာထူးဖြင့် ၂၅နှစ်တိုင်တိုင် တာဝန် ထမ်းဆောင်ပေးခဲ့ပါသည်။ လက်ရှိတွင် Proven Group ၏ အချိန်ပိုင်း အမှုဆောင်ဒါရိုက်တာ (ဘဏ္ဍာရေး) အဖြစ် တာဝန်ယူ ဆောင်ရွက်ပေးလျက် ရှိပါသည်။



ဦးမျိုးသစ်အောင်သည် ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ M.Com ဘွဲ့ကိုလည်းကောင်း၊ RV-Singapore မှ Diploma in ESHRM ကို လည်းကောင်း၊ Diploma in Financial Reporting (UK) ကို လည်းကောင်း ရရှိခဲ့ပါသည်။

PTIC ကုမ္ပဏီသို့ ၂၀၀၁ ခုနှစ်တွင် ဘဏ္ဍာရေး မန်နေဂျာအဖြစ် စတင်ဝင်ရောက် လုပ်ကိုင်ခဲ့ပြီး ၂၀၀၈ ခုနှစ်တွင် ဒါရိုက်တာအဖြစ် ရွေးချယ်ခန့်ထားခြင်း ခံရပါသည်။ လက်ရှိ တွင် Proven Group ၏ စီမံခန့်ခွဲရေးနှင့် ငွေစာရင်း တာဝန်ကို ပူးတွဲ ဆောင်ရွက်လျက် ရှိပါသည်။

IFC နှင့် Myanmar Institute of Director (MIOD) တို့မှ ကျင်းပသည့် Corporate Governance Programme သင်တန်းကို တက်ရောက်အောင်မြင်ထားသည့် Certified Director တစ်ဦးဖြစ် ပါသည်။

CONFIDENTIAL



ဦးအေးကိုသည် ခဲအက်ဆစ်ဘက်ထရီထုပ်လုပ်ခြင်း၊ အရည်အသွေးစီမံထိန်းသိမ်းခြင်းနှင့် နည်းပညာဖွံ့ဖြိုး တိုးတက်ရန် ဆောင်ရွက်မှုများတွင် နှစ်ပေါင်း (၂၀)ကျော် အတွေ့အကြုံရှိသူ တစ်ဦးဖြစ်ပြီး မြန်မာနိုင်ငံ ဘက်ထရီထုတ်လုပ်မှုလုပ်ငန်း ပြောင်းလဲမှုတွင် ပါဝင် ဆောင်ရွက်ခဲ့သူလည်း ဖြစ်ပါသည်။

Proven Technology Industry ၊ YMI ၊ PPW တို့ ၏ ထုတ်လုပ်ရေးဒါရိုက်တာတစ်ဦးဖြစ်ပြီး နှင့် ၏ ထုတ်လုပ်ရေး ဒါရိုက်တာ အဖြစ် ပူးတွဲ တာဝန်ထမ်းဆောင်ပေးလျက် ရှိပါသည်။



ဦးကျော်ညွန့်သည် Proven Group of Companies ၏ အကြံပေးပုဂ္ဂိုလ်တစ်ဦး အဖြစ် ၂၀၀၇ ခုနှစ်မှစ၍ စတင်ခန့်ထားခြင်း ခံခဲ့ရပါသည်။ ၁၉၄၁ ခုနှစ်တွင် မွေးဖွားပြီး ရန်ကုန် Methodist အထက်တန်း ကျောင်းတွင် ပညာဆည်းပူးခဲ့ပါသည်။ ၁၉၆၈ ခုနှစ်တွင် B.A ဘွဲ့ရရှိခဲ့ပြီး စာရင်းအင်း ဒီပလိုမာကိုလည်း ရရှိခဲ့ပါသည်။ Advance Accounting and Finance ဘာသာရပ်ကို အင်္ဂလန်နိုင်ငံ University of Strathclyde တွင် လေ့လာသင်ယူခဲ့ပြီး လက်မှတ်ရပြည်သူ့ စာရင်းကိုင် (CPA)၊ အာဆီယံ အသိအမှတ်ပြု လက်မှတ်ရ စာရင်းကိုင် (ACPA) နှင့် ASEAN Chartered Practising Accountant တစ်ဦး လည်း ဖြစ်ပါသည်။

၁၉၅၈မှ ၁၉၉၅ခုနှစ်အထိမြန်မာနိုင်ငံစာရင်းစစ်ချုပ်ရုံးတွင် အစိုးရစာရင်းစစ်အဖြစ် လည်းကောင်း၊ ၁၉၈၈ မှ ၁၉၉၂ ခုနှစ် အထိ ရှမ်းပြည်နယ်၊ ပြည်နယ်စာရင်းစစ်အရာရှိအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့ပြီး ဒုတိယညွှန်ကြား ရေးမှူး ရာထူးဖြင့် အငြိမ်းစားယူခဲ့ပါသည်။ စွမ်းအင်၊ သတ္တုတွင်း၊ ရေကြောင်း သယ်ယူပို့ဆောင်ရေးနှင့် လူမှုဖူလုံရေး ကဏ္ဍများကို စာရင်းစစ်ဆေးခြင်းတွင် အတွေ့အကြုံ များစွာ ရှိပါသည်။

လူမှုအဖွဲ့အစည်းဆောင်ရွက်ချက်များအနေဖြင့် မြန်မာစာရင်းကောင်စီ (MAC) ၏ ကောင်စီဝင်တစ်ဦးအဖြစ်လည်းကောင်း၊ မြန်မာနိုင်ငံလက်မှတ်ရပြည်သူစာရင်းကိုင်များအသင်း (MICPA)၏နာယကတစ်ဦးအဖြစ်လည်းကောင်း ပါဝင် ဆောင်ရွက်လျက် ရှိပါသည်။ အကြံပေးဝန်ဆောင်မှုများအပြင် လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူနှင့် စာရင်းရှင်းလင်း ဖျက်သိမ်းရေး အရာရှိ အဖြစ်လည်း ဆောင်ရွက်ပေးလျက် ရှိပါသည်။

CONFIDENTIAL



ဦးအောင်ညွှန့်သည် ကော်ပိုရိတ်စီမံအုပ်ချုပ်မှုအတွက် အကြံ ပေးအရာရှိအဖြစ် ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လမှစ၍ ခန့်ထားခြင်း ခံခဲ့ရပါသည်။ ၁၉၄၄ ခုနှစ်တွင် မွေးဖွားပြီး မြို့မအထက် တန်းကျောင်းတွင် ပညာဆည်းပူးခဲ့ပါသည်။ ၁၉၆၄ ခုနှစ် တွင် B. Com (Accounting)၊ ၁၉၆၅ ခုနှစ်တွင် Registerd Accountant (Full-fledge) (ယခု CPA) ဘွဲ့ကို ရရှိခဲ့ပါ သည်။

၁၉၆၆ မှ ၂၀၀၇ ခုနှစ်အထိ (၄၁)နှစ်ခန့် မြန်မာ့ သစ်လုပ်ငန်း ၏ ဘဏ္ဍာရေး/ ငွေစာရင်းဌာနနှင့် စီမံကိန်း ဌာနတို့တွင် တာဝန်ထမ်းဆောင်ခဲ့ပြီး အထွေထွေ မန်နေဂျာ (စီမံကိန်း) ရာထူးဖြင့် အငြိမ်းစား ယူခဲ့ပါသည်။ တွဲဖက်တာဝန်အဖြစ် ၁၉၉၁ ခုနှစ်တွင် နေရှင်နယ် အင်ဒတ်စရီရယ်ဟိုလ်ဒင်းကုမ္ပဏီလီမိတက် (NIHL) (အများပိုင်ကုမ္ပဏီ) တွင် ၂နှစ်ခွဲခန့် ဒါရိုက်တာ (ဘဏ္ဍာရေး) တာဝန် ထမ်းဆောင်ခဲ့ပါသည်။ ၁၉၉၅ မှ ၁၉၉၆ ခုနှစ်အထိ မြန်မာ့သစ်တောထွက်ပစ္စည်း ဖက်စပ် ကော်ပိုရေးရှင်းလီမိတက် (Forest J.V) (အများပိုင် ကုမ္ပဏီ)၊ နိုင်ငံခြားဖက်စပ် မြန်မာ-ကိုးရီးယား အပြည်ပြည် ဆိုင်ရာ ကုန်သွယ်မှုကုမ္ပဏီ (MKTI)၊ မြန်မာဆီးလ် ကုမ္ပဏီ လီမိတက် (M.S.L) နှင့် အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှု ဗဟိုဌာန ကုမ္ပဏီ လီမိတက် ( I.B.C) တွင် မြန်မာ့သစ်လုပ် ငန်း၏ အချိန်ပိုင်း ဒါရိုက်တာအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့ ပါသည်။

၂၀၀၈ မှ ၂၀၁၃ ခုနှစ်အထိ အောင်ညွှန့်နှင့်အဖွဲ့ စာရင်း စစ်အမည်ဖြင့် ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်/ စက်မှု အသင်းချုပ် (UMFCCI)၊ မြန်မာနိုင်ငံ အင်ဂျင်နီယာ အသင်း (MES)၊ NGO-Japan Seeds Asia Project၊ ပြည်မြို့ ရွှေဆံတော် ဂေါပက ဘဏ္ဍာတော် ထိန်းအဖွဲ့၊ အပြည် ပြည်ဆိုင်ရာ စီးပွားရေးဗဟိုဌာန လီမိတက် (I.B.C)တို့ကို (၆) နှစ်ခန့် လက်မှတ်ရ ပြည်သူ့ စာရင်းကိုင် အဖြစ် တာဝန်ယူ ဆောင်ရွက်ခဲ့ပြီး စာရင်းစစ် အစီရင်ခံ စာများ ထုတ်ပြန်ခဲ့ပါ သည်။

အစိုးရတာဝန်ဖြင့် နိုင်ငံ (၉) နိုင်ငံတွင် ဘဏ္ဍာရေး စီမံခန့်ခွဲမှု ပညာဆွေးနွေးပွဲများ တက်ရောက်ခဲ့ပါသည်။ ၂၀၁၈ ခုနှစ် ဧပြီလတွင် IFC နှင့် Myanmar Institute of Director (MIOD) တို့ ကျင်းပသည့် Audit Committee Master Programme သင်တန်းကိုလည်း တက်ရောက်ခဲ့ ပါသည်။

CONFIDENTIAL

PROVEN
GROUP OF COMPANIES



အခန်း(၄)

# စီမံအုပ်ချုပ်မှု


## ၄.၁ ပိုင်ဆိုင်မှု (Ownership Structure)

PROVEN GROUP OF COMPANIES ၏ ပိုင်ဆိုင်မှုကို အောက်ပါဇယားဖြင့် ဖော်ပြထားပါသည်-

| Sr. | Shareholders owning 5% or more of the share | Role | Type |
|---|---|---|---|
| 1 | U Tun Myint | Chairman | Non-Executive |
| 2 | U Than Htaik Lwin | Managing Director | Executive |
| 3 | Daw Mya Mya Than | Director | Executive |
| 4 | U Aung Aung | Director | Non-Executive |
| 5 | U Myint Zaw | Director | Non-Executive |
| 6 | U Zaw Myo Myint | Director | Non-Executive |


CONFIDENTIAL

| Sr. | Ownership Status | Number |
|---|---|---|
| 1 | 5 % or more | 6 |
| 2 | Under 5% | 19 |
| | **Total** | **25** |



## ၄.၂ စီမံအုပ်ချုပ်မှု (Governance Structure)

PROVEN GROUP OF COMPANIES ၏ စီမံခန့်ခွဲ အုပ်ချုပ်မှုမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-



## ၄.၃ ဒါရိုက်တာအဖွဲ့ (Board of Directors)

PROVEN GROUP OF COMPANIES၏ ကော်ပိုရိတ်စီမံခန့်ခွဲမှုစနစ်တွင် ဒါရိုက်တာ အဖွဲ့သည် တာဝန်အရှိဆုံးနှင့် အဆိုပါ စီမံခန့်ခွဲမှုများအား ပဲ့ကိုင်ထိန်းကြောင်းသော အဖွဲ့အစည်းတစ်ရပ် ဖြစ်ပါသည်။


ဒါရိုက်တာအဖွဲ့သည် PROVEN GROUP တည်တံ့ ခိုင်မြဲရေး စီမံခန့်ခွဲမှုအပိုင်းကို ဦးဆောင်ယုံသည်သာမက အမြဲစောင့်ကြည့် မှုကိုလည်း လုပ်ဆောင်ပေးပါသည်။

### ၄.၃.၁ ဒါရိုက်တာအဖွဲ့၏ ဖွဲ့စည်းပုံ (The Structure of the Board of Directors)

အလုပ်မှုဆောင်ဒါရိုက်တာ(၄)ဦး၊ အလုပ်မှု ဆောင်မဟုတ်သည့် ဒါရိုက်တာ (၁၃)ဦး စုစုပေါင်း ဒါရိုက်တာ (၁၇)ဦးဖြင့် ဒါရိုက်တာ အဖွဲ့ကို အောက်ပါတိုင်း ဖွဲ့စည်းထားပါသည်–

| Name | Date of First Appoint-ment | Last Re-election | Type | Board |
|---|---|---|---|---|
| U Tun Myint | 1996 | 2020 | Non-Executive | Chairman |
| U Kyain Myint (U Htay Yu – proxy) | 1996 | 2020 | Non-Executive | Member |
| U Kyi Gwan | 1996 | 2020 | Non-Executive | Member |
| U Myo Lwin | 1996 | 2020 | Non-Executive | Member |
| U Aung Aung | 1996 | 2020 | Non-Executive | Member |
| U Myint Naing | 2002 | 2020 | Non-Executive | Member |
| U Myint Zaw | 2008 | 2020 | Non-Executive | Member |
| Daw May Yi | 2008 | 2020 | Non-Executive | Member |
| U Nyan Thit Hlaing | 2008 | 2020 | Non-Executive | Member |
| U Zaw Myo Myint | 2011 | 2020 | Non-Executive | Member |
| U Tint Myo Naing | 2017 | 2020 | Non-Executive | Member |
| U Sai Hla Win | 2017 | 2020 | Non-Executive | Member |
| U Myo Min Tun | 2019 | 2020 | Non-Executive | Member |
| Daw Mya Mya Than | 1996 | 2020 | Executive | Member |
| U Than Htaik Lwin | 2008 | 2020 | Executive | Member |
| U Aye Ko | 2005 | 2020 | Executive | Member |
| U Myo Thit Aung | 2008 | 2020 | Executive | Member |
| U Kyaw Nyunt | 2007 | 2020 | Advisor | - |
| U Aung Nyunt | 2020 | 2020 | Advisor | - |




CONFIDENTIAL

### ၄.၃.၂ ဒါရိုက်တာအဖွဲ့၏ တာဝန်ဝတ္တရားများ (The Duties of the Board of the Directors)

PROVEN GROUP OF COMPANIES ဒါရိုက်တာအဖွဲ့သည်-

(၁) PROVEN GROUP OF COMPANIESအား ဦးဆောင်ခြင်း၊ ထိန်းကွပ်ပေးခြင်းနှင့် PROVEN GROUP OF COMPANIES၏စီးပွားရေးလုပ်ငန်း၊ စီမံခန့်ခွဲမှု ကိစ္စရပ်များကို အစဉ်ကြီးကြပ်ခြင်း၊

(၂) ဘဏ္ဍာရေးအရလည်းကောင်း၊ ဝင်ငွေအရလည်းကောင်း ထိခိုက်နစ်နာစေနိုင်သည့် ဆုံးဖြတ်ချက်အားလုံးကို သေချာစွာ လေ့လာသုံးသပ်၍ ဆွေးနွေးဆုံးဖြတ် အတည်ပြုပေးခြင်း၊

(၃) အထူးသဖြင့် အမြတ်ပြန်အမ်းငွေနှင့် ဆုကြေးကြေငြာချက်၊ ဘဏ္ဍာရေးစာရင်းများ ထုတ်ပြန်မှု၊ အဓိကကျသော စီမံကိန်းများ၊ တန်ဖိုးကြီးမားသည့် ပစ္စည်းများဝယ်ယူခြင်း/ ရောင်းချခြင်းနှင့် ဒါရိုက်တာများ ရွေးချယ်မှုကိုစိစစ် ထောက်ခံ အတည်ပြု ပေးခြင်း၊

(၄) ဘဏ္ဍာရေးဆုံးဖြတ်ချက်များ၊ မဟာဗျူဟာများ၊ စီမံကိန်းများနှင့် ဘက်ထရီဈေးကွက် အခြေအနေများ အပေါ် လိုအပ်သော အကြံဉာဏ်များ ပေးခြင်း၊

(၅) ထုတ်လုပ်ရေးလုပ်ငန်း၏ လုပ်ငန်းခွင် ပတ်ဝန်းကျင် နှင့် လူ့အသိုင်းအဝိုင်း ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးအပေါ် အထူးဂရုစိုက် လေ့လာ၍ အကြံပြုခြင်း။

CONFIDENTIAL

### ၄.၃.၃ ဒါရိုက်တာအဖွဲ့၏ကိုယ်စားလှယ်လွှဲအပ်မှု (The Delegation of the Board of the Directors)

ဒါရိုက်တာအဖွဲ့တွင် အမှုဆောင်မဟုတ်သောဒါရိုက်တာများမှာ အများစုဖြစ်သည်နှင့်အညီ ဒါရိုက်တာအဖွဲ့အတွင်း လွတ်လပ်မှု အခြေခိုင်ကြောင်း တွေ့ရှိရမည်ဖြစ်ပါသည်။ အလုပ် မှုဆောင်မဟုတ်သော ဒါရိုက်တာများတွင် ပညာအရည် အချင်း၊ လူ့တန်းစား၊ ကျား/မ မခွဲခြားမှု၊ အသက်အရွယ်၊ လူမျိုးစုံနှင့် စီးပွားရေးလုပ်ငန်းအတွေ့အကြုံပေါင်းစုံ ပါဝင် ရောယှက်မှု ရှိသဖြင့် အတွေးခေါ်ပေါင်းစုံနှင့် လွတ်လပ်စွာ တွေးခေါ်ဆုံးဖြတ်မှုကို အားပေးကြပါသည်။ စာရင်း

ထို့အပြင် စာရင်းစစ်နှင့်ဆုံးရှုံးနိုင်ခြေရှိ အန္တရာယ်များစီမံ ခန့်ခွဲမှုကော်မတီ (ARMC) နှင့် အမည် တင်သွင်းရေးနှင့် အခကြေးငွေ သတ်မှတ်ရေးကော်မတီ(NRC)များကိုအမှုဆောင်မဟုတ်သောဒါရိုက်တာများဖြင့် ဖွဲ့စည်းထားခြင်း၊စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး လုပ်ဆောင်မှုကော်မတီကို အမှုဆောင်ဒါရိုက်တာနှင့် အမှုဆောင်မဟုတ်သောဒါရိုက်တာ များဖြင့် ဖွဲ့စည်းထားခြင်းတို့ကြောင့် ဒါရိုက်တာအဖွဲ့၏ ဆုံးဖြတ် ချက်များသည် ကုမ္ပဏီ၏ကောင်းကျိုးအတွက်သာ ရည်ရွယ်ပြီး တစ်ဦး တစ်ယောက်ကောင်း ဆုံးဖြတ်ချက် မရှိကြောင်း ပေါ်လွင်ပါ သည်။

### ၄.၃.၄ ဒါရိုက်တာအဖွဲ့ အစည်းအဝေးကျင်းပမှု (The Meetings of the Board of the Directors)

၂၀၂၀-၂၀၂၁ခုနှစ်များအတွင်း PROVEN GROUP OF COMPANIES ဒါရိုက်တာအဖွဲ့ အနေဖြင့် အစည်းအဝေး (၄)ကြိမ် ကျင်းပနိုင်ခဲ့ ပါသည်-

| Name | Board Meeting |
|---|---|
| Total number of Meeting held | 4 |
| Executive Directors | |
| U Than Htaik Lwin | 4 |
| Daw Mya Mya Than | 4 |
| U Myo Thit Aung | 4 |
| U Aye Ko | 4 |
| Non-Executive Directors | |
| U Tun Myint | 4 |
| U Aung Aung | 4 |
| U Myint Zaw | 3 |
| U Zaw Myo Myint | 4 |
| U Tint Myo Naing | 4 |
| U Kyain Myint (U Htay Yu) | 4 |
| U Myint Naing | 4 |
| Daw May Yi | 4 |
| U Kyi Gwan | 4 |
| U Sai Hla Win | 4 |
| U Nyan Thit Hlaing | 4 |
| U Myo Min Tun | 4 |
| U Myo Lwin | 2 |
| Advisors | |
| U Kyaw Nyunt | 3 |
| U Aung Nyunt | 4 |

### ၄.၃.၅ နှစ်ပတ်လည် အထွေထွေ အစည်းဝေးကျင်းပမှု (Annual General Meeting)

(၁၉)ကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေး ကို ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ (၉) ရက်နေ့တွင် Zoom Application ဖြင့် ကျင်းပခဲ့ပြီး အစုရှယ်ယာရှင် (၂၃)ဦး တက်ရောက်ခဲ့ပါသည်။ နှစ်ပတ်လည်အထွေထွေအစည်းအဝေးတွင် ဒါရိုက်တာများ၏ အစီရင်ခံစာ၊ ဘဏ္ဍာရေးရှင်းတမ်းများနှင့် စာရင်းစစ် အစီရင်ခံစာများအား အတည်ပြုချက်ရယူခြင်း၊ အမြတ်ဝေစု ခွဲဝေပေးအပ်ရန်ကိစ္စများ၊ ဥက္ကဋ္ဌ နှင့် ဒါရိုက်တာများအား ရွေးချယ်ခြင်း၊ အမှုဆောင်အရာရှိချုပ်၊ အုပ်ချုပ်မှုဒါရိုက်တာ၊ အမှုဆောင်ဒါရိုက်တာများနှင့် အတိုင်ပင်ခံအကြံပေးပုဂ္ဂိုလ်များအားခန့်အပ်ခြင်း၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ကုသရေး လှူဒါန်းငွေ အတည်ပြုခြင်း နှင့် ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်အတွက် ပြင်ပစာရင်းစစ်များအား ပြန်လည်ခန့်အပ်ရန်ကိစ္စများ စသည်တို့ကို အစုရှယ်ယာ ရှင်များက သဘောတူ အတည်ပြု ပေးခဲ့ကြပါသည်။

| ဆုံးဖြတ်ချက်များ | ထောက်ခံမဲ | ကန့်ကွက်မဲ | ကြားနေမဲ |
|---|---|---|---|
| ဒါရိုက်တာများ၏အစီရင်ခံစာ၊ ဘဏ္ဍာရေးရှင်းတမ်းနှင့် စာရင်းစစ်အစီရင်ခံစာများအား အတည်ပြုခြင်း | ၁၀၀% | - | - |
| အမြတ်ဝေစုခွဲဝေပေးရန် ဆုံးဖြတ်ခြင်း | ၁၀၀% | - | - |
| ရှေ့ဆက်ရမည့်လုပ်ငန်းစဉ်များ၊ ရင်းနှီးမြှုပ်နှံမှုများ | ၁၀၀% | - | - |
| ၂၀၂၀-၂၀၂၁ နှစ်အတွက် ဥက္ကဋ္ဌ နှင့် ဒါရိုက်တာအဖွဲ့ဝင်များ ရွေးချယ်ခြင်း | ၁၀၀% | - | - |

| | | | |
|---|---|---|---|
| အကြံပေးများ ခန့်ထားခြင်း | ၁၀၀% | - | - |
| ကာကွယ်ရေးနှင့် ကုသရေးဆိုင်ရာ ရံပုံငွေထည့်ဝင်လှူ ဒါန်းငွေ အတည်ပြုခြင်း | ၁၀၀% | - | - |
| ပြင်ပစာရင်းစစ်များ ပြန်လည်ခန့်ထားခြင်း | ၁၀၀% | - | - |

## ၄.၄ ဒါရိုက်တာအဖွဲ့ကော်မတီများ၏ဖွဲ့စည်းပုံ (The Compositions of the Committees of the Board of the Directors)

ဒါရိုက်တာအဖွဲ့သည် အောက်ပါကော်မတီများကို ဖွဲ့စည်းထားခဲ့ပါသည်-

(က) အမည်စာရင်း တင်သွင်းရေးနှင့် အခကြေးငွေသတ်မှတ်ရေး ကော်မတီ

(ခ ) စာရင်းစစ်နှင့်ဆုံးရှုံးနိုင် ခြေရှိ အန္တရာယ်များစီမံခန့်ခွဲမှု ကော်မတီ

(ဂ ) စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးလုပ်ဆောင်မှု ကော်မတီ

(ဃ) စီးပွားရေး စဉ်ဆက်မပြတ်ဆောင်ရွက်နိုင်ရေးဆိုင်ရာ ကော်မတီ

### ၄.၄.၁ အမည်စာရင်းတင်သွင်းရေးနှင့်အခကြေးငွေ သတ်မှတ်ရေးကော်မတီ (Normination and Renumeration Committee)

အမည်စာရင်း တင်သွင်းရေးနှင့် အခကြေး ငွေသတ်မှတ်ရေး ကော်မတီကို အလုပ်မှု ဆောင် မဟုတ်သည့် ဒါရိုက်တာ (၃)ဦးနှင့် အကြံပေးပုဂ္ဂိုလ် (၁)ဦး၊ စုစုပေါင်း (၄)ဦးဖြင့် အောက်ပါအတိုင်း ဖွဲ့စည်းထားပြီး ကော်မတီသည် ဒါရိုက်တာအဖွဲ့ဝင်များကို ပညာရေး၊ဘဏ္ဍာရေးနှင့် စီးပွားရေး အစရှိသည့် ကဏ္ဍအသီးသီးတွင် အတွေ့အကြုံရှိသူများနှင့် မတူကွဲပြားသည့် ပုဂ္ဂိုလ်များ ပါဝင်သည့် ဒါရိုက်တာအဖွဲ့အဖြစ် ဖွဲ့စည်းရန် ရွေးချယ်ဆုံးဖြတ်ပေးရပါသည်-

| Name | NRC |
|---|---|
| U Myo Lwin | Chairman |
| U Kyi Gwan | Member |
| U Myint Naing | Member |
| U Kyaw Nyunt | Member |

အမှုဆောင်ဒါရိုက်တာများ၊ ဒါရိုက်တာများနှင့် ထိပ်တန်းစီမံခန့်ခွဲသူများအတွက် အခကြေးငွေပေါ်လစီသတ်မှတ်ခြင်း၊ ပမာဏ သတ်မှတ် ထောက်ခံခြင်းနှင့် ဝန်ထမ်းတစ်ရပ်လုံး၏ အခကြေးငွေ ပေါ်လစီ ချမှတ်ပေးခြင်းများကို စဉ်းစားဆုံးဖြတ်ပြီး ဒါရိုက်တာအဖွဲ့သို့ အကြံပေးမှုများ ပြုလုပ်ပေးရပါသည်။

ဒါရိုက်တာအဖွဲ့ဝင်များ၏ သက်တမ်းမှာ (၃)နှစ် ဖြစ်သဖြင့် နှစ်စဉ် နှစ်ပတ်လည် အထွေထွေအစည်းအဝေးတွင် ဒါရိုက်တာအဖွဲ့ဝင်များအားလုံး၏ သက်တမ်း အရင့်ဆုံး ၁/၃ ပုံမှာ နုတ်ထွက်ပြီး ၎င်းတို့နေရာများတွင် ဒါရိုက်တာအသစ် များကို ရွေးချယ်ခန့်အပ်ကြပါသည်။

ဒါရိုက်တာအသစ်များအတွက် အမည်စာရင်းတင်သွင်းရေးနှင့်အခကြေးငွေသတ်မှတ်ရေးကော်မတီသည် ဆန္ဒပြုထားသူအစုရှယ်ယာရှင်များအနက်မြန်မာနိုင်ငံကုမ္ပဏီများဥပဒေတွင် ပြဋ္ဌာန်းထားသောအရည်အချင်းနှင့် သင့်တော်သောပညာအရည်အချင်း၊ အသက်အရွယ်၊ အတွေ့အကြုံ၊ အထူး သဖြင့် ကုမ္ပဏီ၏ အဓိကလုပ်ငန်းဖြစ်သော ဘက်ထရီ လုပ်ငန်း၌

ဘဏ္ဍာရေး၊ စီးပွားရေး၊ အုပ်ချုပ် ရေးတို့တွင် အတွေ့အကြုံမြင့်မားမှုတို့ကို အလေးထား စဉ်းစားရွေးချယ် ပါသည်။ အထူးသဖြင့် ကုမ္ပဏီ၏ ဒါရိုက်တာအဖွဲ့ဝင်များ အကြား မတူကွဲပြားမှုကို စဉ်းစား ကြပါသည်။

အမည်စာရင်းတင်သွင်းရေး နှင့် အခကြေးငွေသတ်မှတ်ရေး ကော်မတီ၏ မူဝါဒနှင့် လုပ်ထုံးလုပ်နည်းများကို ဒါရိုက်တာ အဖွဲ့ဝင်များက အတည်ပြုထားပါသည်။

၂၀၂၀-၂၀၂၁ခုနှစ်အတွက် အမည်စာရင်းတင်သွင်းရေးနှင့်အခကြေးငွေ သတ်မှတ်ရေးကော်မတီ အစည်းအဝေးများကို အောက်ပါ အတိုင်း ကျင်းပ နိုင်ခဲ့ပါသည်-

| Name | Nomination & Remuneration Committee Meeting |
|---|---|
| **Total number of Meeting held** | 2 |
| **Non-Executive Directors** | |
| U Myint Naing | 2 |
| U Kyi Gwan | 2 |
| U Myo Lwin | 2 |
| **Advisors** | |
| U Kyaw Nyunt | 2 |

### ၄.၄.၂ စာရင်းစစ်နှင့်ဆုံးရှုံးနိုင်ခြေရှိအန္တရာယ်များ စီမံခန့်ခွဲမှု ကော်မတီ (Audit and Risk Management Committee)

စာရင်းစစ်နှင့် ဆုံးရှုံးနိုင်ခြေရှိအန္တရာယ်များစီမံခန့်ခွဲမှု ကော်မတီကို အလုပ်မှုဆောင်မဟုတ်သည့်ဒါရိုက်တာ(၂)ဦးနှင့် အကြံပေး ပုဂ္ဂိုလ်(၂)ဦး၊စုစုပေါင်း(၄)ဦး ဖြင့်အောက်ပါအတိုင်း ဖွဲ့စည်းထားပြီး ကော်မတီသည် ကုမ္ပဏီ၏ ဆုံးရှုံးနိုင်ခြေရှိ အန္တရာယ်၊ ဥပဒေနှင့် ဒါရိုက်တာအဖွဲ့၏ ညွှန်ကြားချက်များ လိုက်နာမှု၊ ထိန်းချုပ်မှု၊ အုပ်ချုပ်မှု မူဘောင်တို့နှင့်ပတ်သက် သောကိစ္စရပ်များတွင်လွတ်လပ်စွာ အကြံပေးသည့်အပြင် ဘဏ္ဍာရေးရှင်းတမ်းများနှင့်ပတ်သက်သည့် ကိစ္စရပ်များ အပါအဝင် အခြားလိုအပ်သည့်တာဝန်ဝတ္တရားများကိုပါ လုပ်ဆောင်ရပါသည်-

| Name | ARMC |
|---|---|
| U Sai Hla Win | Chairman |
| U Kyain Myint<br>(U Htay Yu – proxy) | Member |
| U Kyaw Nyunt | Member |
| U Aung Nyunt | Member |

စာရင်းစစ်နှင့် ဆုံးရှုံးနိုင်ခြေရှိအန္တရာယ်များ စီမံခန့်ခွဲမှု ကော်မတီသည် ဘဏ္ဍာရေးရှင်းတမ်းများကို ဘုတ်အဖွဲ့သို့ မတင်ပြမီ ပြန်လည်စစ်ဆေးရပါသည်။ အလွဲသုံးစားမှုများ မဖြစ်ပွားအောင်ကြိုတင်ကာကွယ်ခြင်းနှင့် ဖြစ်ပေါ်ပါက အမြန်ဆုံး ဖော်ထုတ် စစ်ဆေးခြင်းများ ဆောင်ရွက်ရ ပါသည်။ အခြားကော်မတီများ၊ စီမံအုပ်ချုပ်သူများနှင့် ပူပေါင်း၍ ကုမ္ပဏီတွင် ဖြစ်ပေါ်လာ နိုင်မည့် အန္တရာယ်များကို ကြိုတင်ကာကွယ်ရေး၊ အသိပေးရေးနှင့် သက်သာရာရစေ မည့် အစီအစဉ်များ ချမှတ်ဆောင်ရွက် ခြင်းတို့ ပြုလုပ်ရပါ သည်။

စာရင်းစစ်နှင့် ဆုံးရှုံးနိုင်ခြေရှိအန္တရာယ်များ စီမံခန့်ခွဲမှု ကော်မတီ၏ မူဝါဒနှင့် တာဝန်ဝတ္တရားများကို အကောင် အထည် ဖော်ရာတွင် ရှင်းလင်းသော လမ်းညွှန်ချက်များ ချမှတ်ထားပါသည်။

**၂၀၂၀-၂၀၂၁ခုနှစ်အတွက် စာရင်းစစ်နှင့်ဆုံးရှုံးနိုင်ခြေရှိအန္တရာယ်များ စီမံခန့်ခွဲမှု ကော်မတီ အစည်းအဝေးများကို အောက်ပါ အတိုင်း ကျင်းပ နိုင်ခဲ့ပါသည်-**

၂၀၂၀ - ၂၀၂၁ခုနှစ်အတွက် စာရင်းစစ်ဆုံးရှုံးနိုင်ခြေရှိအန္တရာယ်များ စီမံခန့်ခွဲမှု ကော်မတီ အစည်းအဝေး ကို (၂)ကြိမ် ကျင်းပနိုင်ခဲ့ပါ သည်။

Non Executive Director (၂)ဦးတွင် (၈)ကြိမ်တက်ရောက်ခဲ့ပြီး Advisor (၂)ဦး (၈)ကြိမ်တက်ရောက်ခဲ့ပါသည်။

| Name | Audit & Risk Management Committee Meeting |
|---|---|
| **Total number of Meeting held** | 8 |
| **Non-Executive Directors** | |
| U Kyain Myint (U Htay Yu) | 8 |
| U Sai Hla Win | 8 |
| **Advisors** | |
| U Kyaw Nyunt | 8 |
| U Aung Nyunt | 8 |

### ၄.၄.၃ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးလုပ်ဆောင်မှုကော်မတီ (Business Development Committee)

စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးလုပ်ဆောင် မှုကော်မတီ ကို အလုပ်မှုဆောင်ဒါရိုက်တာ (၂)ဦး နှင့် အလုပ်မှု ဆောင် မဟုတ်သည့် ဒါရိုက်တာ(၄)ဦး ၊အကြံပေးပုဂ္ဂိုလ်(၁)ဦး၊စုစုပေါင်း(၇)ဦးဖြင့် အောက်ပါအတိုင်း ဖွဲ့စည်းထားပါသည် –

| Name | BDC |
|---|---|
| U Aung Aung | Member |
| U Myint Zaw | Member |
| U Nyan Thit Hlaing | Member |
| U Zaw Myo Myint | Member |
| U Than Htaik Lwin | Member |
| U Myo Thit Aung | Member |
| U Aung Nyunt | Member |

အဓိကတာဝန်များမှာ PROVEN GROUP OF COMPANIES ၏ ကုန်ထုတ်လုပ်ငန်းများ တည်တံ့ခိုင်မြဲရေးနှင့် တိုးတက်ရေး ကုမ္ပဏီ၏လုပ်ငန်းနှင့်တိုးချဲ့မှု၊ နည်းပညာနှင့်နည်းစနစ်များ ပြောင်းလဲမှု၊ ကြီးမားသော ပုံသေပိုင်ပစ္စည်းများ ဝယ်ယူမှုနှင့် ရောင်းချမှုအပြင် ပြင်ပ ရင်းနှီး မြှုပ်နှံမှုလုပ်ငန်းများ မဆောင်ရွက် မီ စိစစ်ရန် ဖြစ်ပါသည်။

စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးလုပ်ဆောင်မှု ကော်မတီဝင်များ အားလုံး အစည်းအဝေးများသို့ တက်ရောက် ၍ ပွင့်လင်းစွာ ဆွေးနွေးခဲ့ကြပါသည်။

**၂၀၂၀-၂၀၂၁ခုနှစ်အတွက် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးလုပ်ဆောင်မှုကော်မတီ အစည်းအဝေးများကို အောက်ပါ အတိုင်း ကျင်းပ နိုင်ခဲ့ပါသည်-**

| Name | Business Development Committee Meeting |
|---|---|
| **Total number of Meeting held** | 4 |
| **Executive Directors** | |

| | |
|---|---|
| **U** Than Htaik Lwin | 4 |
| **U** Myo Thit Aung | 4 |
| **Non-Executive Directors** | |
| **U** Aung Aung | 4 |
| **U** Myint Zaw | 4 |
| **U** Zaw Myo Myint | 4 |
| **U** Nyan Thit Hlaing | 4 |
| **Advisors** | |
| **U** Aung Nyunt | 4 |

### ၄.၄.၄ စီးပွားရေး စဉ်ဆက်မပြတ်ဆောင်ရွက်နိုင်ရေးဆိုင်ရာ ကော်မတီ (Business Continuity Committee)

**စီးပွားရေး စဉ်ဆက်မပြတ်ဆောင်ရွက်နိုင်ရေးဆိုင်ရာ ကော်မတီ** ကို ကုမ္ပဏီ၏ လုပ်ငန်းများ ဆက်လက်လည်ပတ်နေစေရန်၊ လုပ်ငန်းခွင်အတွင်းCOVID-19 နှင့်ပတ်သက်သော ဆောင်ရွက်ချက်များကို ကျန်းမာရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာ ဌာနအသီးသီးမှ လိုအပ်ချက်များအတိုင်း ဆောင်ရွက်နိုင်ရန် ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလတွင် အောက်ပါအတိုင်း ဖွဲ့စည်းခဲ့ပါသည်-

| Distribution | | Factory | |
|---|---|---|---|
| ၁။ | အုပ်ချုပ်မှုဒါရိုက်တာ | ၁။ | အုပ်ချုပ်မှုဒါရိုက်တာ |
| ၂။ | ဒါရိုက်တာ (စီမံနှင့် ငွေစာရင်း) | ၂။ | ဒါရိုက်တာ (စီမံနှင့် ငွေစာရင်း) |
| ၃။ | အထွေထွေမန်နေဂျာ | ၃။ | ဒါရိုက်တာ (ထုတ်လုပ်ရေး) |
| ၄။ | မန်နေဂျာ (စီမံ) | ၄။ | စက်ရုံမန်နေဂျာ |
| ၅။ | မန်နေဂျာ (လူ့စွမ်းအားအရင်းအမြစ်) | ၅။ | မန်နေဂျာ (စီမံ) |
| ၆။ | မန်နေဂျာ (အရောင်း) | ၆။ | မန်နေဂျာ (လူ့စွမ်းအားအရင်းအမြစ်) |
| ၇။ | မန်နေဂျာ (ငွေစာရင်း) | ၇။ | မန်နေဂျာ (ထုတ်လုပ်ရေး) |
| ၈။ | စီမံခန့်ခွဲမှုကိုယ်စားလှယ် | ၈။ | စာရင်းကိုင် |
| | | ၉။ | စီမံခန့်ခွဲမှုကိုယ်စားလှယ် |

၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာ၊ အောက်တိုဘာလများတွင် ကော်မတီအစည်းအဝေးများ ကျင်းပပြုလုပ်ခဲ့ပြီး Closed Group Chat ဖြင့် နေ့စဉ် လုပ်ငန်း ဆောင်ရွက်မှုများကို ကော်မတီက ဆုံးဖြတ် ဆောင်ပေးပါသည်။

လုပ်ငန်းအတွင်း သတင်းအချက်အလက်များ အချိန်နှင့်တပြေးညီ တိကျ မြန်ဆန်စွာ ဖြန့်ဝေရန် Facebook Community (Closed Group) များ တည်ထောင်၍ မေးမြန်းသည်များကို ပြန်လည်ဖြေကြားပေးခြင်းနှင့် ကုမ္ပဏီ၏ ထူးခြားသော ဆောင်ရွက်ချက်များကို ဖော်ပြ ပေးလျက် ရှိပါသည်။

Business Continuity Committee အနေဖြင့် အစည်းဝေး (၄)ကြိမ် ကျင်း ပြုလုပ်နိုင်ခဲ့ပါသည်။




အခန်း(၅)

# ရေရှည်တည့်တံ့နိုင်မြဲမှု

## ၅.၁ PROVEN GROUP OF COMPAINES ၏ ရေရှည်တည်တံ့ခိုင်မြဲမှုဆိုင်ရာ မူဝါဒ

PROVEN GROUP OF COMPAINES သည် ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက် ညီသည့် ဖွံ့ဖြိုးတိုးတက်မှုရရှိလျက် ကျင့်ဝတ်သိက္ခာနှင့်ညီညွတ်သည့် ကုမ္ပဏီအစုအဖွဲ့တစ်ခုအဖြစ် ရပ်တည်နိုင်ရေး စဉ်ဆက်မပြတ်လေ့လာ သင်ယူသည့် အဖွဲ့အစည်း တစ်ရပ် ဖန်တီးထူထောင်နိုင်ရန် ဖြစ်ပါသည်။ Toyo နှင့် Lion အမှတ်တံဆိပ်ဘက်ထရီထုတ်လုပ်ခဲ့သည့်လုပ်ငန်း စတင်ခဲ့သည့် ၁၉၉၆ ခုနှစ်ဝန်းကျင် အချိန်ကတည်းကပင် ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုးတက်မှု အပေါ်အလေးထားမှုပြုခဲ့ပါသည်။ PROVEN GROUP OF COMPAINESအဖြစ် ရပ်တည်လာခဲ့သည့်အချိန်တွင် ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုး တိုးတက်မှုနှင့် စပ်လျဉ်းပြီး မူဝါဒများချမှတ် ဆောင်ရွက်ခဲ့ပါသည်။ www.proven.com.mm ၌လည်း ဝင်ရောက် ကြည့်ရှုနိုင်ပါသည်။

### ၅.၁.၁ Sustainability Officer ခန့်ထားခြင်း

PROVEN GROUP OF COMPAINES ၏ **ရေရှည်တည်တံ့ခိုင်မြဲရေးဆိုင်ရာ ဆောင်ရွက်ချက်များကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်စေရန် ၂၀၂၁ခုနှစ်၊စက်တင်ဘာလမှ စတင်၍** Sustainability Officer **တစ်ဦး ခန့်ထားဆောင်ရွက်နေလျက်ရှိပါသည်။**

## ၅.၂ PROVEN GROUP OF COMPAINES နှင့် ကုလသမဂ္ဂ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုး တိုးတက်မှုပန်းတိုင်များ

PROVEN GROUP OF COMPAINES အနေဖြင့် GROUP OF COMPAINES ၏ စီးပွားရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက် ချက်တိုင်းအား ကုလသမဂ္ဂ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုး တိုးတက်မှုပန်းတိုင် (Global Goals for Sustaibale Development ) များအပေါ် အထောက် အပံ့ ဖြစ်စေအောင် အလေး ဂရုပြု ဆောင်ရွက် ပေးလျက်ရှိ ပါသည်။
PROVEN GROUP OF COMPAINES ၏ စီးပွားရေးဆိုင်ရာ လုပ်ငန်း ဆောင်ရွက် ချက်များအနေဖြင့် ကုလသမဂ္ဂ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုး တိုးတက်မှုပန်းတိုင် (၁၇)ခု၊ ရည်မှန်းချက်(၁၆၉)ချက် အနက် လုပ်ငန်းသဘောသဘာဝအရ ပန်းတိုင် (၁၀)ခု၊ ရည်မှန်းချက် (၃၀)ချက် နှင့် ကိုက်ညီအောင် ဆောင်ရွက်နိုင်ခဲ့ပါသည်။ ဆက်လက်၍ PROVEN GROUP OF COMPAINES ၏ စီးပွားရေးဆိုင်ရာ လုပ်ငန်း ဆောင်ရွက် ချက်များ၏ သဘော သဘာဝနှင့် ကိုက်ညီသည့် ပန်းတိုင်များ ရည်မှန်းချက်များကို ဖော်ထုတ်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

|   | ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုး တိုးတက်မှုပန်းတိုင် နှင့် ရည်မှန်းချက်များ |
|---|---|
| PROVEN GROUP OF COMPAINES ဝန်ထမ်းများအား နိုင်ငံတော်က သတ်မှတ် ထားသည့် အနည်းဆုံးအခကြေးငွေ သတ်မှတ်ချက်အပေါ် အခြေခံပြီး နှစ်စဉ် ပြောင်းလဲ နေသည့် စားသုံးသူဆိုင်ရာနှုန်းထားနှင့် ကိုက်ညီအောင် လုပ်ခလစာများ ပြင်ဆင် သတ်မှတ် ပေးခြင်း၊ အိုးအိမ် ဝယ်ယူနိုင်ရေး အတိုးမပါသည့် ချေးငွေများ သတ်မှတ် ဆောင်ရွက်ပေး ခြင်းဖြင့် ကုလသမဂ္ဂ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုး တိုးတက်မှုပန်းတိုင် အမှတ် (၁) ပါ ရည်မှန်းချက်များနှင့် ကိုက်ညီအောင်ဆောင်ရွက်ခဲ့ပါသည်။ | 1.1<br>1.2<br>1.4<br>1.5 |

CONFIDENTIAL

| 3 GOOD HEALTH AND WELL-BEING | ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုး တိုးတက်မှုပန်းတိုင် နှင့် ရည်မှန်းချက်များ |
|---|---|
| PROVEN GROUP OF COMPAINES ၏ စက်ရုံများ၊ ကုမ္ပဏီများတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသည့် ဆေးဝါးများအား သုံးစွဲမှု မရှိစေခြင်း၊ အရက်သောက်သုံးမှု မရှိစေခြင်း၊ GROUP OF COMPAINES ၏ ထုတ်လုပ်မှု လုပ်ငန်းစဉ်သုံး ဓါတု ပစ္စည်းများ ကြောင့် ထိခိုက်မှုမရှိစေရေး ဆောင်ရွက်ချက်များဖြင့် ကုလသမဂ္ဂ၏ ရေရှည် တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုး တိုးတက်မှုပန်းတိုင် အမှတ် (၃) ပါ ရည်မှန်းချက်များနှင့် ကိုက်ညီ အောက် ဆောင်ရွက်ခဲ့ပါသည်။ | 3.5<br>3.9<br>3A |

| 6 CLEAN WATER AND SANITATION | ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုး တိုးတက်မှုပန်းတိုင် နှင့် ရည်မှန်းချက်များ |
|---|---|
| PROVEN GROUP OF COMPAINES ၏စက်ရုံများတွင် ပြုလုပ်မှု လုပ်ငန်းစဉ်မှ ထွက်ရှိလာသည့် ရေများအား ရေဆိုးသန့်စင်စနစ်ဖြင့် သန့်ရှင်းအောင်ဆောင်ရွက်ခြင်း၊ လုပ်ငန်းသုံး ဓါတု ပစ္စည်းများကြောင့် ရေလေထုနှင့် သဘာဝ ပတ်ဝန်းကျင် ထိခိုက်မှုမရှိစေရေး ဆောင်ရွက်ချက်များဖြင့် ကုလသမဂ္ဂ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုး တိုးတက်မှုပန်းတိုင် အမှတ် (၆) ပါ ရည်မှန်းချက်များနှင့် ကိုက်ညီ အောက် ဆောင်ရွက်ခဲ့ ပါသည်။ | 6.3 |

| 8 DECENT WORK AND ECONOMIC GROWTH | ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုး တိုးတက်မှုပန်းတိုင် နှင့် ရည်မှန်းချက်များ |
|---|---|
| PROVEN GROUP OF COMPAINES အနေဖြင့် အဓမ္မခိုင်းစေမှုနှင့် ကလေးအလုပ်သမား ခိုင်းစေမှု အား လက်ခံ ကျင့်သုံး မှုမရှိခြင်း၊ GROUP OF COMPAINES ၏ လုပ်ငန်းခွင်များ အား ဘေးအန္တရာယ်ကင်းရှင်းပြီး ကျန်းမာရေးနှင့်ညီညွတ်စေရန်၊ သင့်တော်ကောင်းမွန်သည့် အလုပ်အကိုင်များ(decent work) ဖြစ်စေရေးအစဉ်ဆောင်ရွက်ပေးခြင်း၊ တည်ဆဲဥပဒေပါ အလုပ်သမား အခွင့်အရေးများ ရရှိအောင်ဆောင်ရွက်ပေးခြင်းဖြင့် ကုလသမဂ္ဂ၏ ရေရှည် တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုး တိုးတက်မှုပန်းတိုင် အမှတ် (၈)ပါ ရည်မှန်း ချက်များ နှင့် ကိုက်ညီအောင် ဆောင်ရွက်ခဲ့ ပါသည်။ | 8.5<br>8.6<br>8.7<br>8.8 |

| 9 INDUSTRIES, INNOVATION AND INFRASTRUCTURE | စဉ်ဆက်မပြတ် ဖွံ့ဖြိုး တိုးတက် ရေး ပန်းတိုင် နှင့် ရည်မှန်းချက်များ |
|---|---|
| PROVEN GROUP OF COMPAINES သည် ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုး တိုးတက်မှုရှိသည့် လုပ်ငန်းစုတစ်ရပ်ဖြစ်ရန်၊ resource-use efficiency လုပ်ငန်းခွင်များ ဖြစ်နေစေရန် မူဝါဒများ ဆောင်ရွက်ပေးခြင်းဖြင့် ကုလသမဂ္ဂ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုး တိုးတက်မှုပန်းတိုင် အမှတ်(၉)ပါ ရည်မှန်းချက်များနှင့် ကိုက်ညီအောင် ဆောင်ရွက်ခဲ့ ပါသည်။ | 9.2<br>9.4 |

| 10 REDUCED INEQUALITIES | စဉ်ဆက်မပြတ် ဖွံ့ဖြိုး တိုးတက် ရေး ပန်းတိုင် နှင့် ရည်မှန်းချက်များ |
|---|---|
| PROVEN GROUP OF COMPAINES နှစ်စဉ် ပြောင်းလဲ နေသည့် စားသုံးသူဆိုင်ရာနှုန်းထားနှင့် ကိုက်ညီအောင် လုပ်ခလစာများ ပြင်ဆင် သတ်မှတ် ပေးခြင်း၊ ဝင်ငွေရရှိမှုခိုင်မာအောင် ဆောင်ရွက်ပေးခြင်း၊ တပြေးညီလစာတိုးမြှင့်ရရှိစေအောင် ဆောင်ရွက်ပေးခြင်း၊ လူမှုဖူလုံရေး ဆိုင်ရာ ထည့်ဝင်ကြေးများပေးသွင်းပေးခြင်းတို့ဖြင့် ကုလသမဂ္ဂ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုး တိုးတက်မှုပန်းတိုင် အမှတ်(၁၀)ပါ ရည်မှန်းချက်များနှင့် ကိုက်ညီအောင် ဆောင်ရွက်ခဲ့ ပါသည်။ | 10.1<br>10.3<br>10.4 |

CONFIDENTIAL

| 11 SUSTAINABLE CITIES AND COMMUNITIES | စဉ်ဆက်မပြတ် ဖွံ့ဖြိုး တိုးတက် ရေး ပန်းတိုင် နှင့် ရည်မှန်းချက်များ |
|---|---|
| PROVEN GROUP OF COMPAINES နှစ်စဉ် ပြောင်းလဲ နေသည့် စားသုံးသူဆိုင်ရာနှုန်းထားနှင့် ကိုက်ညီအောင် လုပ်ခလစာများအား ပြင်ဆင်သတ်မှတ် ပေးခြင်း၊ ဝင်ငွေရရှိမှုခိုင်မာအောင် ဆောင်ရွက်ပေးခြင်း၊ ဝန်ထမ်းများအနေဖြင့် ဘေးကင်းလုံခြုံပြီး ကျန်းမာသန့်ရှင်းစွာ နေထိုင်သည့် နှုန်းထားသင့်တော်သော အိုးအိမ် ဝယ်ယူနိုင်ရေး အတိုးမပါသည့် ချေးငွေများ သတ်မှတ် ဆောင်ရွက်ပေးခြင်း၊ အခြားအကြောင်းများကြောင့် ဖြစ်ပေါ်သည့် ငွေကြေးပိုင်း ဆိုင်ရာ အကြပ်အတည်းများကို အတိုးမဲ့လစဉ်အရစ်အကျဖြင့်ပေးဆပ်နိုင်သည့် ချေးငွေများ ရယူနိုင်စေရန် ဆောင်ရွက်ထားပေးခြင်းဖြင့် ကုလသမဂ္ဂ၏ ရေရှည်တည် တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုး တိုးတက်မှုပန်းတိုင် အမှတ်(၁၁)ပါ ရည်မှန်းချက်များနှင့် ကိုက်ညီအောင်ဆောင်ရွက်ခဲ့ ပါသည်။ | 11.1<br>11.5 |

| 12 RESPONSIBLE CONSUMPTION AND PRODUCTION | စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက် ရေး ပန်းတိုင်နှင့် ရည်မှန်းချက်များ |
| --- | --- |
| PROVEN GROUP OF COMPAINES တွင် ပါဝင်သည့် စက်ရုံများ၊ လုပ်ငန်းများသည် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှု ISO 14001 ရယူထားပြီး မိမိတို့၏ ထုတ်လုပ်မှု လုပ်ငန်းစဉ်ကြောင့်လည်းကောင်း၊ အသုံးပြုသည့် ဓါတုပစ္စည်းများကြောင့်လည်းကောင်း သဘာဝ ပတ်ဝန်းကျင် ထိခိုက်မှုမရှိအောင် ထိရောက်ကောင်းမွန်သည့် သဘာဝ ပတ်ဝန်းကျင် စီမံခန့်ခွဲမှု စနစ်တစ်ရပ်ထူထောင်ထားပြီးဆောင်ရွက်နေခြင်း၊ စွန့်ထွက် ပစ္စည်းများ လျော့ကျအောင် ရည်းမှန်းချမှတ် လုပ်ဆောင်ခြင်း၊ GROUP OF COMPAINES လုပ်ငန်းစဉ်အတွက် ဝယ်ယူမှုများအား သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိစေရေးနှင့် ရင်းမြစ် ဆိုင်ရာထိရောက်မှု ရှိစေရေး လုပ်ဆောင်ပေးနေခြင်းဖြင့် ကုလသမဂ္ဂ၏ ရေရှည်တည် တံ့ခိုင်မြဲပြီး ဟန်ချက် ညီသည့် ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်အမှတ်(၁၂)ပါရည်မှန်းချက်များနှင့် ကိုက်ညီအောင်ဆောင်ရွက်ခဲ့ပါသည်။ | 12.2<br>12.4<br>12.5<br>12.6<br>12.7 |

| 16 PEACE, JUSTICE AND STRONG INSTITUTIONS | စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက် ရေး ပန်းတိုင်နှင့် ရည်မှန်းချက်များ |
| --- | --- |
| PROVEN GROUP OF COMPAINES၏ ဝန်ထမ်းတိုင်းသည် လာဘ်ပေးလာဘ်ယူမှု ကျင့်သုံးမှု မရှိစေရေး Code of Conduct ဖြင့် ထိန်းကျောင်းပေးခြင်း၊ GROUP OF COMPAINES တစ်ခုလုံးအနေဖြင့် ကော်ပိုရိတ်စီမံခန့်ခွဲမှု ကျင့်သုံးပြီး အဆင့်တိုင်းတွင် ပွင့်လင်း မြင်သာမှု ရှိစေရန်နှင့် မည်သည့်ခွဲခြားမှုမျိုးမှမရှိစေရေး လုပ်ကိုင်ဆောင်ရွက်နေခြင်း၊ စီမံခန့်ခွဲမှု အဆင့်တိုင်းတွင် ဆုံးဖြတ် လုပ်ပိုင်ခွင့်ရှိခြင်း၊ လုပ်ငန်းခွင်များတွင် အလုပ်သမား အဖွဲ့ အစည်းများအား တည်ဆဲ အလုပ်သမားရေးရာ ဥပဒေများနှင့်အညီ ဖွဲ့စည်းပေးထားခြင်းဖြင့် ကုလသမဂ္ဂ၏ ရေရှည်တည် တံ့ခိုင်မြဲပြီး ဟန်ချက် ညီသည့် ဖွံ့ဖြိုး တိုးတက်မှု ပန်းတိုင်အမှတ် (၁၆)ပါ ရည်မှန်းချက်များနှင့် ကိုက်ညီအောင်ဆောင်ရွက်ခဲ့ပါသည်။ | 16.5<br>16.6<br>16.7<br>16.10<br>16B |

CONFIDENTIAL

| 17 PARTNERSHIPS FOR THE GOALS | စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက် ရေး ပန်းတိုင်နှင့် ရည်မှန်းချက်များ |
| --- | --- |
| PROVEN GROUP OF COMPAINESသည် ရေရှည်တည် တံ့ခိုင်မြဲပြီး ဟန်ချက် ညီသည့် ဖွံ့ဖြိုးတိုးတက်မှု ရှိသည့် ကျင့်ဝတ်သိက္ခာရှိသည့် GROUP OF COMPAINES တစ်ရပ် အဖြစ် ရပ်တည် နေအောင် စဉ်ဆက်မပြတ်အားထုတ်ဆောင်ရွက်နေခြင်း၊ အဆိုပါ ရေရှည်တည် တံ့ခိုင်မြဲပြီး ဟန်ချက် ညီသည့် ဖွံ့ဖြိုးတိုးတက်မှုနှင့် စပ်လျဉ်းပြီး Complinace and Sustainability Officer တစ်ဦးခန့်ထားကာ ဆောင်ရွက်နေခြင်းတို့ဖြင့် ကုလသမဂ္ဂ၏ ရေရှည်တည် တံ့ခိုင်မြဲပြီး ဟန်ချက် ညီသည့် ဖွံ့ဖြိုး တိုးတက်မှု ပန်းတိုင် အမှတ်(၁၂)ပါ ရည်မှန်းချက်များနှင့် ကိုက်ညီအောင်ဆောင်ရွက်ခဲ့ ပါသည်။ | 17.5<br>17.6<br>17.7<br>17.10<br>17B |

## ၅.၃ PROVEN GROUP OF COMPAINESရဲ့ Social ၊ Environmental နှင့် Economic ဆိုင်ရာ ရေရှည်တည်တံ့ဖွံ့ဖြိုးမှု

PROVEN GROUP OF COMPAINESသည် စီးပွားရေးလုပ်ငန်းများကိုသာ လုပ်ဆောင်နေသည့် ကုမ္ပဏီအစုအဖွဲ့တစ်ခု မျိုး မဟုတ်ဘဲ ရေရှည် တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုးတိုးတက်မှုရရှိလျှက် ကျင့်ဝတ်သိက္ခာနှင့်ညီညွတ်သည့် ကုမ္ပဏီ အစုအဖွဲ့တစ်ခုအဖြစ် အမြဲရပ်တည်နေစေရန် ဆောင်ရွက်နေခြင်းကြောင့် ကုမ္ပဏီအစုအဖွဲ့တစ်ခု၏ ပင်မရင်းမြစ်သည့် ဝန်ထမ်းများနှင့်စပ်လျဉ်း၍လည်းကောင်း၊ လုပ်ငန်းဆောင်ရွက်နေရာများ၏ သဘာဝပတ်ဝန်းကျင်နှင့်စပ်လျဉ်း၍ လည်းကောင်း၊ လုပ်ငန်းမှ ရရှိလာသည့် အမြတ်အစွန်းများ နှင့် စပ်လျဉ်း၍လည်းကောင်း ရေရှည် တည်တံ့ခိုင်မြဲစေရေး အစဉ် အလေးထား ဆောင်ရွက်လျက်ရှိပါသည်။

### ၅.၃.၁ လူ့မှု ရေး Social (People) ဆိုင်ရာ အရှည်တည်တံ့ဖွံ့ဖြိုးမှုဆိုင်ရာ ဆောင်ရွက်ချက်များ

#### ၅.၃.၁.၁ စွမ်းဆောင်ရည် ပိုင်းဆိုင်ရာ (Skill Development)

ထက်မြက်ကျွမ်းကျင်သောလူ့စွမ်းအား အဖွဲ့အစည်းတစ်ရပ်အဖြစ်အမြဲတည် ရှိနေစေရန်နှင့် အသိပညာရပ်များအား စဉ်ဆက်မပြတ် ခေတ်နှင့်အညီ သစ်ဆန်းနေစေရန် PROVEN GROUP OF COMPAINES အနေဖြင့် ဝန်ထမ်းများအတွင်း လေ့ကျင့်သင်ကြားပေးရေး အခြေအနများစွာကို ဖန်တီးပေးထားပါသည်။ သို့ဖြစ်၍ ဝန်ထမ်းများအားလုံးသည် နှစ်စဉ် စီမံခန့်ခွဲမှုနှင့်သက်ဆိုင်သည့်သင်တန်းများ၊ အတတ်ပညာဆိုင်ရာကျွမ်းကျင်မှု သင်တန်းများ၊ လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေး ဆိုင်ရာ သင်တန်းများ၊ ISO၊ စီးပွားရေး ကျင့်ဝတ်များနှင့် သက်ဆိုင်သည့်သင်တန်းများအား တစ်နှစ်လျှင် အနည်းဆုံး နာရီ ပေါင်း ၇၀၀ ခန့် တက်ရောက် သင်ယူခွင့် ရရှိခဲ့ကြပါသည်။

#### ၅.၃.၁.၂ လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ (Occupational Safety and Health)

PROVEN GROUP OF COMPAINES သည် လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေး စပ်လျဉ်းပြီး ၂၀၁၉ခုနှစ်၊ လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ဥပဒေ သတ်မှတ်ချက်ပါ အလွန်ပြင်းထန်နှင့် သေဆုံး အဆင့် လုပ်ငန်းခွင်ထိခိုက်မှုများ မရှိစေရေး (Zero Major and Fatal Accidents) အစဉ်အလေးအနက် တစ်ခုတရ ဆောင်ရွက်သည့် ကုမ္ပဏီအစုအဖွဲ့တစ်ခုဖြစ်ခြင်းကြောင့် လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးအပေါ် ကုမ္ပဏီအစုအဖွဲ့၏ ဝန်ထမ်းများအတွက်သာမက ကုမ္ပဏီအစုအဖွဲ့၏ လုပ်ငန်းများ နှင့်စပ်လျဉ်းပြီး ငှားရမ်းလာရောက် လုပ်ကိုင်စေသည့် ကန်ထရိုက်တာများကိုပါ လိုက်နာဆောင်ရွက်စေပါသည်။

လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းပြီး ကျန်းမာရေးနှင့် ညီညွတ်သည့် လုပ်ငန်းခွင် အခြေအနေများအား ဖန်တီးပေးရေး၊ မြှင့်တင်ပေးနိုင်ရေး အောက်ပါအတိုင်း ဆောင်ရွက်နေပါသည်-

- (က) လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေး ကော်မတီများအား ဖွဲ့စည်းခြင်း၊
- (ခ ) အဆိုပါ လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေး ကော်မတီများအား ဌာန မန်နေဂျာများ က အလှည့်ကျ ဥက္ကဋ္ဌ အဖြစ် တာဝန်ယူဆောင်စေခြင်း။

PROVEN GROUP OF COMPAINES အတွင်း ၂၀၂၀-၂၀၂၁ခုနှစ်အတွက် လုပ်ငန်းခွင် ထိခိုက်မှု[1] အောက်ပါအတိုင်း ဖြစ်ပေါ်ခဲ့ ပါသည်-

[1] လုပ်ငန်းခွင် ထိခိုက်မှုနှင့် စပ်လျဉ်း၍ ၁၉၅၁ခုနှစ် အလုပ်ရုံများ အက်ဥပဒေနှင့်အညီ အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာန သတ်မှတ်သည့် အမျိုးစား သတ်မှတ်ချက်အတိုင်း ခွဲခြား သတ်မှတ်ပါသည်။

CONFIDENTIAL

(က) ရှေးဦးသူနာပြု အဆင့်ထိခိုက်မှု (၅)မှု

(ခ) သာမန်အဆင့် ထိခိုက်မှု (၆)မှု

၂၀၂၀-၂၀၂၁ခုနှစ်အတွက် PROVEN GROUP OF COMPAINES တွင် ပြင်းထန်အဆင့်၊ အလွန်ပြင်းထန်အဆင့်နှင့် အသက်သေဆုံးသည့် အဆင့်ထိခိုက်မှု ဖြစ်ပေါ်ခဲ့ခြင်းမရှိပါ။

### ၅.၃.၁.၃ လူမှု ကာကွယ်စောင့်ရှောက်ပေးရေး ဆိုင်ရာ (Social Protection)

PROVEN GROUP OF COMPAINES သည် လူမှု ကာကွယ်စောင့်ရှောက်ပေးရေး ဆိုင်ရာ ဆောင်ရွက်ချက်များအား အောက်ပါအတိုင်း လုပ်ဆောင်ပေးနေပါသည်-

(က) လူမှုဖူလုံရေးစီမံကိန်းတွင် မှတ်ပုံတင်ပေးခြင်း၊

(ခ) စက်ရုံ ဆေးခန်းများ ဖွင့်လှစ်ပေးထားခြင်း၊

(ဂ) နှစ်စဉ် ကျန်းမာရေးစစ်ဆေးမှု ထပ်မံလုပ်ဆောင်ပေးခြင်း၊

(ဃ) နို့၊ ဥက်ပျောသီး၊ သန့်ရှင်း လတ်ဆတ်သော အစားအစာများ ဖြည့်စွက်စာအဖြစ် ကျွေးမွေးခြင်း၊

### ၅.၃.၁.၄ လူစွမ်းအား ရင်းမြစ် ဆိုင်ရာ (Human Resource)

PROVEN GROUP OF COMPAINES သည် လူစွမ်းအား ရင်းမြစ်ဆိုင်ရာ အောက်ပါ အခြေအနေအတိုင်းရရှိအောင် ဆောင်ရွက်ပေးထားပါသည်-

(က) ဝန်ထမ်း အလုပ်နုတ်ထွက်မှု နှုန်းထား (Trun-over) အား (၅%) အောက်ရှိနေစေရန်၊

(ခ) ပျက်ကွက်မှုနှုန်းထား (Abesentisim) အား (၇%) အောက်ရှိနေစေရန်၊

(ဂ) အမျိုးသမီး ဝန်ထမ်းအချိုးအစား (၃၀%) ရှိနေစေရန်၊

(ဃ) ဝန်ထမ်းများ၏ ၉၀ရာခိုင်နှုန်းနှင့်အထက် Covid ကာကွယ် ဆေးထိုး နှံနိုင်မှု ရရှိစေရန်၊

(င) လူမှုဖူလုံရေး အကျိုးခံစားခွင့်ဆိုင်ရာ တင်ပြသည့်ကိစ္စရပ်တိုင်း အပြည့်အဝ ရရှိစေရန်၊

CONFIDENTIAL

### ၅.၃.၂ သဘာဝ ပန်ဝန်းကျင် Environmental (Planet) ဆိုင်ရာ အရည်တည်တံ့ဖွံ့ဖြိုးမှု

PROVEN GROUP OF COMPAINES၏ စီးပွားရေးလုပ်ငန်းများလုပ်ဆောင်နေသည့် နေရာတိုင်းတွင် သဘာဝပတ်ဝန်းကျင်နှင့် လူမှုအသိုင်းအဝိုင်းအပေါ် သက်ရောက်မှုများ မရှိစေရေး ဘက်ထရီ ထုတ်လုပ်သည့် လုပ်ငန်းခွင်များတွင် ထွက်ရှိလာသည့် စွန့်ပစ်ရေများ အားလုံးအား စွန့်ပစ်ရေ သန့်စင်ရေး နည်းလမ်းဖြင့် သန့်ရှင်းပြီး မစွန့်ထုတ်မီ စစ်ဆေးခြင်းများ ပြုပြီးမှ စွန့်ထုတ်ခြင်း၊ ဘက်ထရီနှင့် အက်ဆစ်စွန့်ပစ်ပစ္စည်းများမှ ဖြစ်ပေါ်စေသော သဘာဝပတ်ဝန်းကျင်နှင့် လူမှုအသိုင်းအဝိုင်းအပေါ် ကာလ ရှည်အကျိုးသက်ရောက်မှု မဖြစ်စေရန် Yangon Metal Industry Co., Ltd. အား တည်ထောင်ခဲ့ ပြီး စွန့်ပစ်ဘက်ထရီများအား ပြန်လည်ဝယ်ယူပြီး ခဲသတ္တု ကျိုခြင်း၊ ထို့အပြင် ဘက်ထရီ ထုတ်လုပ်သည့် လုပ်ငန်းစဉ်များဖြစ်သည့် ပလိတ်ပြား ဖြတ်ခြင်းနှင့် သန့်ရှင်းရေးလုပ်ခြင်းတို့မှ ထွက်ရှိလာသော ခဲမှုန့်များကို အမှုန့်စုပ်စက်ကို အသုံးပြု၍ စုပ်ယူဖယ်ရှားပေးခြင်း၊ ထွက်ရှိလာသည့် အက်ဆစ်အငွေ့များကို အက်ဆစ်ငွေ့ သန့်ရှင်းရေးစနစ်ကိုအသုံးပြု၍ လေထုအတွင်းရှိ အက်ဆစ်အခိုးငွေ့များကို ဖယ်ရှား ပေးခြင်း၊ လုပ်ငန်းခွင်နှင့်ကျန်းမာရေးဌာန နှင့် ဆက်သွယ်၍ သုံးနှစ်လျှင် တစ်ကြိမ် လေထု အရည်သွေး စစ်ဆေးခြင်းများ ပြုလုပ်ပေးပါသည်။

### ၅.၃.၃ အမြတ်အစွန်း Economic (Profit) ဆိုင်ရာ အရှည်တည်တံ့ဖွံ့ဖြိုးမှု

PROVEN GROUP OF COMPAINESသည် ရေရှည် တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုးတိုးတက်မှုရရှိလျှက် ကျင့်ဝတ်သိက္ခာနှင့်ညီညွတ်သည့် ကုမ္ပဏီ အစုအဖွဲ့တစ်ခု အဖြစ် အမြဲရပ်တည်နေစေရန် ဆောင်ရွက်နေခြင်းကြောင့် သင့်တော် မှန်ကန်ပြီး မျှတသည့် မြတ်စွန်းမှုမျိုးကို သာရယူပြီး ရရှိသည့် မြတ်စွန်းမှုများအား အောက်ပါအတိုင်း စီမံ ခန့်ခွဲပါသည်-

(က) PROVEN GROUP OF COMPAINES ၏ ရေရှည် တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုး တိုးတက်မှု ဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ခ ) PROVEN GROUP OF COMPAINES အနာဂတ် စီးပွားရေးဆိုင်ရာ လုပ်ငန်းများအတွက် ရင်းနှီးမြှုပ်နှံခြင်း၊

(ဂ ) အစုရှယ်ရှင်များအား PROVEN GROUP OF COMPAINES ၏ မူဝါဒနှင့် အညီ အချိုးကျ ခွဲဝေပေးခြင်း၊

(ဃ) PROVEN GROUP OF COMPAINES အတွင်းရှိ လုပ်ငန်းအသီးသီးမှ ဝန်ထမ်းများအား ဆုကြေးပေးခြင်း၊

### ၅.၄ ဆုံးရှုံးနိုင်ခြေရှိ အန္တရာယ်များအား စီမံခန့်ခွဲခြင်း

PROVEN GROUP OF COMPAINESသည် ဘက်ထရီ ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်းကို ဆောင်ရွက်သဖြင့် အောက်ပါ ဆုံးရှုံးနိုင်ခြေရှိ အန္တာရာယ်များကြုံတွေ့နိုင်သည်ဟု စာရင်းစစ်နှင့်ဆုံးရှုံးနိုင်ခြေရှိ အန္တာရာယ်များ စီမံခန့်ခွဲမှုကော်မတီ (Audit and Risk Management Committee) ကသတ်မှတ်ပါသည်-

(က) အရောင်းဆိုင်ရာ ကြွေးမြီများ

(ခ ) ထုတ်လုပ်မှုဆိုင်ရာ

(ဂ ) လူ့စွမ်းအား ဆိုင်ရာ

အထက်ပါ ကြုံတွေ့နိုင်သည့် ဆုံးရှုံးနိုင်ခြေရှိ အန္တာရာယ်များ အပေါ် စာရင်းစစ်နှင့်ဆုံးရှုံးနိုင်ခြေရှိ အန္တာရာယ်များ စီမံခန့်ခွဲမှု ကော်မတီသည် အောက်ပါအတိုင်း စီမံခန့်ခွဲ လုပ်ဆောင်ထားပါသည်-

(က) ကော်မတီလုပ်ငန်းစဉ်နှင့် သက်ဆိုင်ရာ မူဝါဒ (Audit and Risk Management Policy)များချမှတ်ခြင်း၊

(ခ ) ကိုဗစ်ကာလနှင့် မငြိမ်မသက်မှုအခြေအနေများတွင် ဆုံးရှုံးနိုင်ခြေ ဖြစ်ပွား နိုင်သည့် အကြွေး ရောင်းချထားသည့် ကိစ္စများ၌ ကြွေးဆုံးဖြစ်ပေါ်မှုအနည်းဆုံး ဖြစ်စေရေး၊ ထုတ်လုပ်မှုဆိုင်ရာ ရပ်ဆိုင်းမှု မဖြစ်စေရေး ဖြစ်ခဲ့ပါက အနည်းဆုံးဖြစ်စေရေးနှင့် လူ့စွမ်းအား ရင်းမြစ်ဆိုင်ရာ ဆုံးရှုံးမှု အနည်းဆုံး ဖြစ်စေမည့် နည်းလမ်းများအပေါ် စီမံခန့်ခွဲသူ (Management)များအနေဖြင့် ချမှတ်နိုင်ရေး အကူအညီပေးခြင်းနှင့် တိုက်တွန်းခြင်း၊

စာရင်းစစ်နှင့်ဆုံးရှုံးနိုင်ခြေရှိ အန္တာရာယ်များ စီမံခန့်ခွဲမှုကော်မတီ၏ တိုက်တွန်းအကြံပြုချက်နှင့်အညီ စီမံခန့်ခွဲသူများက အသေး စိတ်လုပ်ငန်းစဉ်များချမှတ်ပြီး ဆောင်ရွက်ခဲ့သည့်အတွက် ဆုံးရှုံးနိုင်ခြေရှိသည့် အန္တရာယ်များကို အနည်းဆုံး ဖြစ်စေရန် ဆောင်ရွက်နိုင်ခဲ့ကြပါသည်။

### ၅.၅ လူမှု အဖွဲ့အစည်း (CSR/ Society)

PROVEN GROUP OF COMPAINESသည် ရေရှည် တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုးတိုးတက်မှုရရှိလျှက် ကျင့်ဝတ်သိက္ခာနှင့်ညီညွတ်သည့် ကုမ္ပဏီ အစုအဖွဲ့တစ်ခု အဖြစ် အမြဲရပ်တည်နေစေရန် ဆောင်ရွက်နေခြင်းကြောင့်

CONFIDENTIAL

လူမှုရေးရာနှင့် ပရဟိတ ဆောင်ရွက်ချက်များအား မည်သည့် အခွင့်အရေးဆိုင်ရာ ပြန်လည်ရရှိရန် မျှော်မှန်း လုပ်ဆောင်ချက်များ မပါရှိစေရေး မူဝါဒ ချမှတ် ဆောင်ရွက်ပါသည်။

PROVEN GROUP OF COMPAINESအနေဖြင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွက် ရသုံးမှန်းခြေငွေစာရင်းတွင် ငွေကျပ် ၃၀ သန်း လျာထားပြီး အောက်ပါ လူမှုရေးနှင့် ပရဟိတဆိုင်ရာ လုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်-

(က) လူမှုရေးအသင်းအဖွဲ့များအား လှူဒါန်းခြင်း၊



(ခ) ကျန်းမာရေး ပညာပေး ဟောပြောပွဲများ ပြုလုပ်ခြင်း၊



(ဂ) စုပေါင်း သွေးလှူ ပွဲပြုလုပ်ခြင်း၊




(ဃ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် သစ်ပင် စိုက်ပျိုးခြင်း



(င) COVID-19 တတိယလှိုင်း ကာလအတွင်း အောက်ဆီဂျင်လိုအပ်သူများအား အောက်စီဂျင် နှင့် အောက်စီဂျင်အိုးများ လှူဒါန်းခြင်း။






## ၅.၆ အကျိုးစီးပွားဆိုင်ရာ သက်ဆိုင်သူများနှင့် ချိတ်ဆက်မှု (Stakeholder Engagment)

PROVEN GROUP OF COMPAINES ၏ အကျိုးစီးပွားဆက်နွယ်သူများမှာ အစုရှယ်ယာရှင်များ/ ရင်းနှီးမြှုပ်နှံသူများ၊ သုံးစွဲသူများ၊ ပစ္စည်းတင်သွင်းသူများ၊ ဝန်ထမ်းများ၊ နိုင်ငံတော်အစိုးရနှင့် အာဏာပိုင်အဖွဲ့အစည်းများ၊ အသင်းအဖွဲ့၊ ဒေသခံလူမှု အသိုင်းအဝိုင်းနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ ဖြစ်ကြပါသည်။


PROVEN GROUP OF COMPAINESအနေဖြင့် ရေရှည် တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုးတိုးတက်မှုရရှိနေစေရန် အကျိုးစီးပွားဆက်နွယ်သူများကို အောက်ပါ နည်းလမ်းများဖြင့် ထိတွေ့ပြီး ၎င်းတို့နှင့်ပတ်သက်သည့်ကိစ္စရပ်များကို တုန့်ပြန် ဖြေရှင်း ဆောင်ရွက်ပေးပါသည်-

| အကျိုးစီးပွား ဆက်နွယ်သူများ | ကျွန်ုပ်တို့ဘယ်လို ချိတ်ဆက်ဆောင်ရွက်ကြသလဲ | ဆောင်ရွက်ခဲ့သည့်လုပ်ငန်းဆောင်တာများ | SDGs |
|---|---|---|---|
| အစုရှယ်ယာရှင်များ/ ရင်းနှီးမြှုပ်နှံသူများ | • အစည်းအဝေးများ<br>• အီးမေးလ်နှင့် ဖုန်း<br>• စာ<br>• အင်တာနက်စာမျက်နှာ | • ကနဦးတည်ထောင်သော အစုရှယ်ယာရှင်များနှင့် ကောင်းမွန်သော ဆက်ဆံရေးကို ထိန်းသိမ်းခြင်း၊<br>• ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလတွင် ၁၉ ကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေး ကျင်းပခြင်း၊<br>• Myanmar Institute of Directors (MIOD) မှ ကျင်းပသည့် ကော်ပိုရိတ်စီမံခန့်ခွဲမှုသင်တန်းသို့ ဒါရိုက်တာအဖွဲ့ဝင်များ တက်ရောက်ခြင်း၊<br>• ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည်အစီရင်ခံစာ ထုတ်ပြန်ခြင်း။ | 17<br>16<br>16<br>16 |
| သုံးစွဲသူများ | • အီးမေးလ်၊ ဖုန်းနှင့်စာ<br>• လူမှုမီဒီယာ<br>• ကုန်စည်ပြပွဲ၊ ရင်းနှီးတွေ့ဆုံပွဲများ<br>• အလုပ်ရုံဆွေးနွေးပွဲများ<br>• အင်တာနက်စာမျက်နှာ | • အရည်အသွေးထိန်းချုပ်ခြင်း၊<br>• ဒေသဆိုင်ရာအရောင်းနှင့်ဝန်ဆောင်မှုစင်တာများ ဖွင့်လှစ်ခြင်း၊<br>• Proven အသိအမှတ်ပြု လေ့ကျင့်သင်ကြားပေးထား သော ဝန်ဆောင်မှုစင်တာများ ဖန်တီးပေးထားခြင်း၊<br>• ပြန်လည်အသုံးပြုရန်အတွက် ဘက်ထရီအိုးဟောင်းများ ဝယ်ယူခြင်း။ | 7, 10<br>4, 7<br>12 |
| ပစ္စည်းတင်သွင်းသူများ | • အီးမေးလ်၊ ဖုန်းနှင့် စာ<br>• အစည်းအဝေးများ<br>• ဗီဒီယိုဖြင့်ပြုလုပ်သော အစည်းအဝေးများ | • ကုန်ပစ္စည်း/ဝန်ဆောင်မှုများ၏ အရည်အသွေးနှင့် ပုံပိုးမှု<br>• မြန်ဆန်သောငွေပေးချေမှုများပြုလုပ်ခြင်းနှင့် တိုင်တန်းမှုများအား ယဉ်ကျေးစွာ ဖြေရှင်းပေးခြင်း၊<br>• မူဝါဒနှင့် ကျင့်ဝတ်စည်းကမ်းများအား မျှဝေခြင်း၊<br>• ပစ္စည်းတင်သွင်းသူများ၏ ဖွံ့ဖြိုးရေးအစီအစဉ်များ လုပ်ဆောင်ပေးခြင်း။ | 1, 8, 10, 16<br>1, 8, 10, 16<br>9<br>8 |

PROVEN
GROUP OF COMPANIES

| အကျိုးစီးပွား ဆက်နွယ်သူများ | ကျွန်ုပ်တို့ဘယ်လို ချိတ်ဆက်ဆောင်ရွက်ကြသလဲ | ဆောင်ရွက်ခဲ့သည့်လုပ်ငန်းဆောင်တာများ | SDGs |
|---|---|---|---|
| ဝန်ထမ်းများ | • နှစ်စဉ် စွမ်းဆောင်ရည်ပြန်လည်သုံးသပ်ချက်များ<br>• ရုံးတွင်းအင်ထရာ၊ အင်တာနက်၊ အီးမေးလ်နှင့် ဖုန်း<br>• အသိပေးတိုင်ကြားခြင်း<br>• သင်တန်း၊ အလုပ်ခွင်လေ့ကျင့်ရေး<br>• အစည်းအဝေးများ<br>• ဝန်းထမ်းများ၏ စစ်တမ်းများ<br>• ဆွေးနွေးပွဲများ<br>• ကျင့်ဝတ်စည်းမျဉ်း | • ကောင်းမွန်မျှတသော လစာပေးခြင်း၊ ကျွမ်းကျင်မှု သင်တန်းများ ထောက်ပံ့ပေးခြင်း၊ သက်ဆိုင်ရာ အရင်း အမြစ်များ ထောက်ပံ့ပေးခြင်း၊ လုံခြုံမှုရှိသော လုပ်ငန်း ခွင်ဖြစ်စေခြင်း၊ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုနှင့် ယာဉ်စည်းကမ်းလမ်းစည်းကမ်းလိုက်နာမှုသင်တန်းများ ပြုလုပ်ပေးခြင်းနှင့် နာမကျန်းမှုအတွက် ထောက်ပံ့ငွေပေးခြင်း၊<br>• ဝန်ထမ်းငှားရမ်းခြင်း၊ သင်တန်းပေးခြင်းနှင့် ရာထူးတိုးမြှင့်ခြင်းများအတွက် ကျား/မ ခွဲခြားမှုမရှိဘဲ တန်းတူအခွင့်အရေး ရစေခြင်း၊<br>• ထုတ်လုပ်မှုလုပ်ငန်းခွင်အတွင်းရှိ ဝန်ထမ်းများအား ဆေးစစ်ခြင်း ပြုလုပ်ပေးခြင်း၊<br>• ကိုဗစ် ၁၉ ဖြစ်ပွားစဉ် ဝန်ထမ်းများအား နေအိမ်မှနေ၍ အလုပ်လုပ်စေခြင်း၊<br>• ဝန်ထမ်းအားလုံးအတွက် ထောက်ပံ့ရေးလုပ်ငန်းများ စီမံပေးခြင်း။ | 1, 2, 3, 4, 6, 8, 13<br><br><br><br><br><br><br>5, 10<br><br><br>3<br><br>3, 8<br><br>3 |
| အစိုးရနှင့် အာဏာပိုင် အဖွဲ့အစည်းများ | • အီးမေးလ်၊ ဖုန်း နှင့် စာ<br>• ပြဋ္ဌာန်းချက်များ၊ စည်းမျဉ်းများ အတိုင်းလိုက်နာခြင်း<br>• အစည်းအဝေးများ တက်ရောက်ခြင်း | • သတ်မှတ် အခွန်အခများ ပေးဆောင်ခြင်း၊<br>• လိုင်စင် သက်တမ်းတိုးခြင်း၊<br>• စည်းမျဉ်းသတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်ခြင်း။ | 10, 16<br><br><br>16<br>16 |
| အသင်းအဖွဲ့၊ ဒေသခံ လူမှုအသိုင်းအဝိုင်းနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ | • အစည်းအဝေး၊ လုပ်ငန်းခွင် လာရောက်လေ့လာစေခြင်း<br>• ပြပွဲနှင့် ဆွေးနွေးပွဲများ<br>• အီးမေးလ်နှင့် ဖုန်း<br>• အင်တာနက်စာမျက်နှာ<br>• Facebook | • မြန်မာနိုင်ငံစက်မှုကုန်ထုတ်လုပ်သူများအသင်း (MIA)၊ မြန်မာနိုင်ငံဓာတုစက်မှုကုန်ထုတ်လုပ်သူများအသင်း (MCIA)၊ မြန်မာ့မော်တော်ယာဉ်ထုတ်လုပ်ရေးနှင့် ဖြန့်ဖြူးရောင်းချရေး လုပ်ငန်းရှင်များအသင်း (MAMDA)၊ ရန်ကုန်တိုင်းဒေသကြီး မော်တော်ယာဉ် အပိုပစ္စည်းလုပ်ငန်းရှင်များအသင်း (YACSAA) နှင့် UMFCCI တို့တွင် အဖွဲ့ဝင်အဖြစ် ပါဝင်ခြင်း၊<br>• သွေးလှူဒါန်းခြင်းအစီအစဉ် လုပ်ဆောင်ပေးခြင်း၊<br>• အောက်စီဂျင် အိုးနှင့် အောက်စီဂျင် လှူဒါန်းခြင်း၊<br>• UN Global Compact မှတဆင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးအား စဉ်ဆက်မပြတ် အားပေးထောက်ပံ့မှုပေးခြင်း၊<br>• သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲခြင်း၊<br>• Responsible Care ၏ အဖွဲ့ဝင်ဖြစ်ခြင်း၊<br>• ထွန့်ပစ်ပစ္စည်းများ စွန့်ပစ်ခြင်း၊ ကုသရေး၊ လေထုညစ်ညမ်းမှု စသည်တို့နှင့်ပတ်သက်၍ Process Life cycle အား ဆန်းစစ်ခြင်းနှင့် အရေးယူမှုများ ဆောင်ရွက်ခြင်း ။ | 12<br><br><br><br><br><br><br>3<br>3<br><br>16<br><br><br>13<br>12<br>12 |

PROVEN GROUP OF COMPANIES








အခန်း(၆)

# လက်ရှိဖြစ်ပေါ်နေသော အခြေအနေများနှင့် PROVEN GROUP OF COMAPNIES ကြိုးပမ်းဆောင်ရွက်ချက်များ



CONFIDENTIAL

## ၆.၁ PROVEN GROUP OF COMPAINESဏ် Covid-19 တားဆီးကာကွယ်ရေးဆိုင်ရာ ဆောင်ရွက်ချက်များ

၂၀၂၀-၂၀၂၁ ကာလအတွင်း မြန်မာနိုင်ငံအတွင်း ဖြစ်ပေါ်ခဲ့သည့် Covid-19 ဒုတိယလှိုင်း၊ တတိယလှိုင်းများ၏ သက်ရောက်ခြင်းများကို PROVEN GROUP OF COMPAINES အနေဖြင့် ကြုံတွေ့ခဲ့ရပါသည်။ PROVEN GROUP OF COMPAINES သည် ၂၀၁၉ခုနှစ် Covid-19 ပထမလှိုင်းစတင်ခဲ့သည့် အချိန်ကကြုံတွေ့ခဲ့ရသည့် အတွေ့အကြုံများအပေါ် အခြေခံပြီး ဒါရိုက်တာများအဖွဲ့သည် သက်ဆိုင်ရာ ကုမ္ပဏီများ၏ အုပ်ချုပ်မှု ဒါရိုက်တာများနှင့် ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်ကာ အောက်ပါအတိုင်း ဆောင်ရွက်ခဲ့ပါသည်-

(က) **စီမံခန့်ခွဲရေး အဖွဲ့၏ ဆောင်ရွက်ချက်များ**

(၁) ပေါ်ပေါက်လာသည့် COVID-19 ရောဂါ ဖြစ်ပွားမှုကြောင့် ကုမ္ပဏီ လုပ်ငန်းများ ရပ်တန့်သွားခြင်း မရှိစေဘဲ ဆက်လက်လည်ပတ်နေစေရန် စီးပွားရေး စဉ်ဆက်မပြတ်ဆောင်ရွက်နိုင်ရေးဆိုင်ရာ ကော်မတီ (BCC) ကို ဖွဲ့စည်း ခဲ့ခြင်း၊

(၂) ကော်မတီအနေဖြင့် ကုမ္ပဏီ လုပ်ငန်းများ ရပ်ဆိုင်းသွားမှု မရှိစေရေး ကြီးကြပ်ခြင်း၊ လမ်းညွှန် ချက်များ ထုတ်ပြန်ခြင်း၊

(၃) ထို့အပြင် ကုမ္ပဏီ၏ ဖြစ်ပေါ်လာနိုင်သည့် အန္တရာယ်များအား စီစစ်ဖော်ထုတ် အဆင့်သတ်မှတ်၍ ထိမ်းချုပ်မှု၊ အရေးယူဆောင်ရွက်မှုများအား အပတ်စဉ်၊ လစဉ် စီမံခန့်ခွဲမှုများ ဆောင်ရွက်ပေးခြင်း။

(ခ) ကြိုတင်ကာကာကွယ်ရေးဆိုင်ရာ ဆောင်ရွက်ချက်များ

(၁) **ကိုရိုနာဗိုင်းရပ် ရောဂါကာကွယ်ရေး အသိပညာပေးဟောပြောခြင်းနှင့် စာစောင်များကပ်ပေး ခြင်း၊**

(၂) **ကြို/ပို့ ယာဉ်များ စီစဉ်ပေးခြင်း၊ ကြို/ပို့ ယာဉ်များအတွင်း တစ်ဦးနှင့် တစ်ဦး သတ်မှတ် အကွာ အဝေး ဖြင့် လိုက်ပါစီးနင်းစေခြင်း၊**

(၃) **လုပ်ငန်းခွင်နေရာများတွင်** Acrylic **တပ်ဆင်ခြင်း၊** Hand Sanitizer **များ စီစဉ် ဆောင်ရွက် ပေးခြင်း၊**

(၄) **အလုပ်ခွင်နှင့် ထမင်းစားခန်းများတွင်** Social Distancing **ပြုလုပ်ထားခြင်း၊**

(၅) **လုပ်ငန်းခွင်မဝင်မီ အပူချိန်တိုင်းခြင်း၊လုပ်ငန်းခွင်အတွင်း လက်ဆေးရန် နေရာများ ထားရှိ ပေးခြင်း၊** Face shield**နှင့် နှာခေါင်းစည်း အမြဲဝတ်ဆင် လုပ်ကိုင်စေခြင်း၊**

(၆) **ဝန်ထမ်းတစ်ဦးချင်းစီအား** Face Shield ၊ Mask **နှင့် လက်သန့်ဆေးရည်များ အလုံအလောက် ထုတ်ပေး ပံ့ပိုး ပေးခြင်း၊**

(၇) **အဆိုင်း** (Assign) **သတ်မှတ်ကာ အလှည့်ကျစနစ်**(Rotation)**ဖြင့် ဆောင်ရွက်စေခြင်း နှင့်** Work from Home System **ဖြင့်လည်း လုပ်ငန်းများအား ဆောင်ရွက်စေခြင်း။**

(ဂ) ပံ့ပိုးမှုဆိုင်ရာ ဆောင်ရွက်ချက်များ

(၁) အခြေခံစားသောက်ကုန်များကို Patient Package ဖြင့် လည်းကောင်း၊ ဗီတာမင်စီ နှင့် ဆေးဝါးများ ပေးအပ်ခြင်း၊

(၂) Quarantine ဝန်ထမ်းများအားကြိုတင်လစာထုတ်ပေးပံ့ပိုးပေးခြင်းနှင့် Covid – 19 Positive ဖြစ်သည့် ဝန်ထမ်းအပါအဝင် ဝန်ထမ်းမိသားစုများအတွက် လိုအပ်သော ဆေးဝါးများ ဝယ်ယူ စုဆောင်းခြင်း၊ ဖြည့်တင်းခြင်း၊ထောက်ပံ့ကူညီခြင်းတို့အပြင်ကျန်းမာရေးချေးငွေများပါ ထုတ်ပေး ခြင်း။

(၃) အောက်ဆီဂျင်လိုအပ်သည့် ဝန်ထမ်းနှင့် ဝန်ထမ်းမိသားစုအား အောက်ဆီဂျင်အိုးများ ၊ Flow Meter နှင့် Oxymeter များအား ပံ့ပိုးပေးခြင်း၊

CONFIDENTIAL

(၄) Covid 19 Positive ဝန်ထမ်းလူနာများအား ကျန်းမာရေး စောင့်ရှောက်သည့် ဝန်ထမ်းအဖွဲ့များ စီစဉ်ထားရှိ၍ နေ့စဉ် ဝန်ထမ်းလူနာများအတွက် အောက်ဆီဂျင် ပမာဏ တိုင်းပေးခြင်း ၊ အောက်ဆီဂျင်အိုးများ အသစ်လဲပေးခြင်း။

(ဃ ) **စီမံခန့်ခွဲရေးဆိုင်ရာ ဆောင်ရွက်ချက်များ**

(၁) Covid 19 ရောဂါ သံသယရှိသော ဝန်ထမ်းများအား ဆေးခွင့်ပေးခြင်း နှင့် လုပ်ငန်းကို နေအိမ်မှ ဆောင်ရွက်စေခြင်း၊

(၂) ဝန်ထမ်းလူများ၏ ကျန်းမာရေးအခြေအနေများအား သက်ဆိုင်ရာရုံးတွင်ကျန်းမာရေး စောင့်ရှောက်သည့် အဖွဲ့ဝင်များထံ နေ့စဉ်သတင်းပေးပို့ခြင်း၊

(၃) Covid 19ကာကွယ်ဆေးများ ဝန်ထမ်းများအားလုံး ထိုးနှံနိုင်စေရန် စီစဉ်ဆောင်ရွက်ပေးခဲ့ခြင်း၊

(၄) ဝန်ထမ်းဦးရေ လျှော့ချခြင်း၊ လုပ်ခလစာ လျှော့ချခြင်း ဖြတ်တောက် ခြင်းမရှိဆောင်ရွက် ပေးခဲ့ခြင်း။

**ပြင်ပ အဖွဲ့အစည်းများနှင့် စပ်လျဉ်းသည့် ဆောင်ရွက်ချက်များ**

(က) Covid ဖြစ်ပွားသော Customer များထံသို့လည်း Oxygen ကူညီပေးနိုင်ကြောင်း အကြောင်းကြားခြင်း၊

(ခ ) Oxygen လိုအပ်သည့် Customer များသို့ Oxygen အိုးများလှူဒါန်းပေးပြီး ကျန်းမားရေး စောင့်ရှောက်မှု ဆောင်ရွက်ပေးခဲ့ခြင်း၊

(ဂ ) သယ်ယူပို့ဆောင်မှု အခက်အခဲ ဖြစ်ပေါ်နေစဉ် Customer များထံသို့ ရန်ကုန်မှ မပေးပို့နိုင်ပါက သက်ဆိုင်ရာ နယ် မြေ ရုံးခွဲများမှ တစ်ဆင့် ပစ္စည်းမပျက်လပ်စေရန် ပေးပို့ပေးခဲ့ခြင်း၊

(ဃ ) ကုန်ကြမ်းများ အချိန်မှီရောက်ရှိရန် ပိုမိုကြိုးစား အားထုတ်ခဲ့ရပြီး ထုတ်လုပ်မှု မပြတ်စေရန်နှင့် ပြောင်းလဲနေသော ငွေကြေးကြောင့် အချိန်မှီ ဈေးနှုန်းပြောင်းလဲနိုင်ရန် Customer များ နစ်နာမှု မရှိစေရန် ကြိုတင်၍ အကြောင်းကြားခြင်းများ ဆောင်ရွက်ပြီးဈေးနှုန်းပြောင်းလဲမှုများ ဆောင်ရွက်ခဲ့ခြင်း၊

## ၆.၂ စိန်ခေါ်မှုများအပေါ် တုန့်ပြန်ဆောင်ရွက်ခြင်း

PROVEN GROUP OF COMPAINES သည် ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုးတိုးတက်မှုရရှိလျှက် ကျင့်ဝတ်သိက္ခာနှင့်ညီညွတ်သည့် ကုမ္ပဏီအစုအဖွဲ့တစ်ခုအဖြစ် ရပ်တည်နိုင်ရေး "မူ" အား အစဉ်တစိုက်ကိုင်စွဲလျက် စီးပွားရေးလုပ်ဆောင်နေသည့် ကုမ္ပဏီအစုအဖွဲ့တစ်ခုဖြစ်သည့် အားလျော်စွာ ၂၀၂၁ကာလအတွင်း ဖြစ်ပေါ်ခဲ့သည့်နိုင်ငံရေးအပြောင်းအလဲ ကာလမှ ယခုအချိန်ထိ PROVEN GROUP OF COMPAINES အနေဖြင့် မည်သည့် ယိမ်းယိုင်မှုမျိုး မဖြစ်စေဘဲ စီးပွားရေးလုပ်ငန်းဆိုင်ရာ ကျင့်ဝတ်နှင့်အညီ အောက်ပါအတိုင်း ကုမ္ပဏီအနေဖြင့်လည်းကောင်း ဝန်ထမ်းများအတွက် လည်းကောင်း ဆောင်ရွက်ခဲ့ပါသည်-

(က) ဝန်ထမ်းများ၏ လုံခြုံရေး ၊ ဘေးအန္တရာယ်ကင်းရှင်းမှုရှိစေရေး အချို့ နေ့ရက်များအား အလုပ်ပိတ် ရက်များအဖြစ် သတ်မှတ် အလုပ်ပိတ်ပေးခြင်း၊

(ခ ) ထိုပိတ်ရက်များအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးသည့်အနေဖြင့် အစိုးရ အစားထိုးပိတ်ရက် အချို့တွင် အစားထိုးအလုပ်ဆင်းရက် အဖြစ်သတ်မှတ်ပေးခြင်း၊

CONFIDENTIAL

(ဂ ) ရုံးတက်ရန် အခက်ခဲရှိသည့် ဝန်ထမ်းများအနေဖြင့် အိမ်မှနေ၍ အလုပ်လုပ်ကိုင်ခြင်း (WFH) ဆောင်ရွက်ခွင့် ပြုခဲ့ခြင်း၊

(ဃ ) အဆိုပါ ကာလအတွင်း စီမံခန့်ခွဲသူ အဆင့်ဆင့်၏ ခွင့်ပြုချက်ဖြင့် ခွင့်ရက်ရှည်ယူခွင့် ပြုပေးထားခြင်း။

PROVEN GROUP OF COMPAINES သည် ပြည်တွင်း ဘဏ်များ အခြေအနေ၊ ပြောင်းလဲနေသည့် ငွေကြေးဈေးကွက်၊ ငွေလဲလှယ်မှုနှုန်းထား စသည့်အကြောင်းအချက်များအပေါ် အခြေခံ၍ လုပ်ငန်းငွေကြေးလည်ပတ်စီးဆင်းမှုအား ပုံမှန် ချောမွေ့ အဆင်ပြေစေရန် စီစဉ်ဆောင်ရွက်ခဲ့ပါသည်။

ထို့အပြင် ဖြစ်ပေါ်နေသည့် အခြေအနေအရ လျော့နည်းသွားသည့် ထုတ်လုပ်မှု၊ ရောင်းချရမှုတို့နှင့် စပ်လျဉ်းပြီး ကျန်ကာလများတွင် ပိုမိုတိုးမြှင့် ထုတ်လုပ်ရောင်းချနိုင်ရန် စီမံချက်များ ပြန်လည်ပြင်ဆင် သတ်မှတ်ဆောင်ရွက်ခဲ့ပါသည်။

CONFIDENTIAL

အခန်း(၇)

# PROVEN GROUP OF COMPANIES ၏ အနာဂတ်အစီမံများ

CONFIDENTIAL



PROVEN GROUP OF COMPAINES အနေဖြင့် ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့်ဖွံ့ဖြိုးတိုးတက်မှု ရရှိလျက် ကျင့်ဝတ်သိက္ခာနှင့် ညီညွတ်သည့် ကုမ္ပဏီအစုအဖွဲ့ တစ်ခုအဖြစ် ရပ်တည်သွားနိုင်ရေး အောက်ပါအတိုင်း အနာဂတ်ရည်မှန်းချက်များ ချမှတ် ထားပါသည်-

(က) ကာလတို

**ဈေးကွက်ဆိုင်ရာ**

(၁) PROVEN GROUP OF COMPAINES အနေဖြင့် International Automotive Task Force (IATF) Certificate ရရှိစေရေးဆောင်ရွက်သွားမည်။

(၂) အဓိကကျသောမြို့ကြီးများတွင် ဒေသဆိုင်ရာအရောင်းနှင့် ဝန်ဆောင်မှု Centerများ ထပ်မံ ဖွင့်လှစ်သွားမည်။

(၃) ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွင်း ရင်းနှီးမြှုပ်နှံမှုပြန်လည် ဆောင်ရွက်ပြီး ဘက်ထရီစက်ရုံအသစ် တည်ဆောက် သွားမည်။

**လူ့စွမ်းအားအရင်းမြစ်ဆိုင်ရာ**

(၁) ၂၀၂၂ ခုနှစ်၌ Proven Group ရှိ ညီနောင်ကုမ္ပဏီများအားလုံးတွင် ခေတ်နှင့် လျော်ညီသည့် HR စီမံခန့်ခွဲမှု စနစ်များနှင့် HR Software များကျင့်သုံး အကောင် အထည်ဖော်ဆောင်ရွက်သွားမည်။

(၂) အချိန်နှင့်တပြေးညီ ဆုံးဖြတ်ချက်များချမှတ်နိုင်ရန် ERP Systemကို အမြန်ဆုံး ပြီးစီးအောင် ဆောင်ရွက်သွားမည်။

(၃) Covid-19 အပါအဝင် ကူးစက်ရောဂါများ၊ သဘာဝနှင့် လူကြောင့်ဖြစ်ပေါ်သည့် အန္တရာယ်များ ကျရောက်ခြင်းကြောင့် ဝန်ထမ်းများအပေါ်သက်ရောက်မှု အနည်းဆုံးဖြစ်စေရေး လိုအပ်သည့် ပြင်ဆင်မှုများ လုပ်ဆောင် သွားမည်။

**PROVEN GROUP OF COMPAINES**

(၁) ၂၀၂၂ခုနှစ်တွင် Proven Group of Companies ၏ ဖွဲ့စည်းပုံနှင့် ရင်းနှီးမြှုပ်နှံမှုများကို Group အဖြစ် ပြန်လည်ဖွဲ့စည်း ဆောင်ရွက်သွားမည်။

(၂) နှစ်စဉ်ကုမ္ပဏီ၏ရှယ်ယာတန်ဖိုး မြှင့်တင်ရန် စနစ်ကျသော တန်ဖိုးတွက်ချက်မှုများကိုပါ ဆောင်ရွက်ပြီး ဒါရိုက်တာ အဖွဲ့သို့ တင်ပြသွားမည်။

(၃) လက်ရှိနှင့် အနာဂတ်အခြေအနေများကို အခြေပြုလျက် မျှော်မှန်းချက်နှင့် ရည်မှန်းချက်များ အသစ်ပြင်ဆင် ချမှတ် သွားမည်။

(ခ ) ကာလရှည်

**ဈေးကွက်ဆိုင်ရာ**

(၁) PROVEN GROUP OF COMPAINES ၏ထုတ်ကုန်ပစ္စည်းများကိုပြည်ပနိုင်ငံများသို့ ရောင်းချနိုင်ရန် ဈေးကွက်ချဲ့ထွင်ခြင်းနှင့်အတူ ပြည်ပ နိုင်ငံမှတင်သွင်းသည့် ကုန်ချော၊ ကုန်ကြမ်း ပစ္စည်းများ အဆက် မပြတ်ရရှိနေစေရေး ERP System အသုံးပြုပြီး အထူးဂရုပြု ဆောင်ရွက်သွားမည်။

(၂) ငွေကြေးစီမံခန့်ခွဲမှုနှင့် စာရင်း ကဏ္ဍများတွင် IFRS System အား အသုံးပြုသွားမည်။

**လူ့စွမ်းအားအရင်းမြစ်ဆိုင်ရာ**

(၁) ညီနောင်ကုမ္ပဏီများအားလုံးတွင် အရည်အသွေးညီမျှသော အုပ်ချုပ်မှုစနစ်နှင့်အရည်အသွေး ပြည့်ဝလာစေရန် ၊ အနာဂတ်ခေါင်းဆောင်များဖြစ်ပေါ်လာစေရန် Training and Development Center ကို ဖွဲ့စည်းတည်ဆောက်ပြီး လိုအပ်သည့် သင်တန်းများ ဖွင့်လှစ်ပေးသွားမည်။

(၂) သင့်လျော်သော ကျွမ်းကျင်ပညာရှင်များအား ကုမ္ပဏီအသီးသီးတွင် အလယ်အလတ် (Middle Management) နှင့် အထက် အုပ်ချုပ်မှုနေရာများတွင် ခန့်အပ်သွားရန် ဆောင်ရွက်သွားမည်။

(၃) ဝန်ထမ်းများ၏ လုပ်ငန်းဆောင်ရွက်မှုအပေါ်အခြေပြုသည့် စီမံခန့်ခွဲမှုစနစ် ဖြစ်ထွန်းစေရေး ရေးရှု၍ Key Performance Indicators ဖော်ထုတ်သတ်မှတ်သွားမည်။


**PROVEN GROUP OF COMPAINES**

(၁) ကုန်ပစ္စည်းထုတ်လုပ်မှု နည်းပညာ အသစ်များရှာဖွေအသုံးပြုခြင်း၊ ခေတ်မှီပြီး ကုန်ထုတ်လုပ်မှု မြှင့်တင်ခြင်းနှင့် ထုတ်လုပ်မှုကုန်ကျစရိတ် သက်သာစေမည့်စက်ပစ္စည်းအသစ်များ ဝယ်ယူ ဖြည့်ဆည်းခြင်းများ ဆောင်ရွက်သွားမည်။

(၂) Corporate စီမံခန့်ခွဲမှုစနစ် အပြည့်အဝ အကောင်အထည်ဖော်နိုင်ရေး Coporate Culture တည်ထောင်ရေး စတင် ဆောင်ရွက်သွားမည်။

(၃) PROVEN GROUP OF COMPAINES ၏ စီးပွားရေး လုပ်ငန်းဆောင်ရွက်ချက်များအား သဘာဝ ပတ်ဝန်းကျင်၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ အမိန့်ညွှန်ကြားချက်များနှင့်နှင့် ကိုက်ညီအောင် ဖော်ဆောင်သွားမည်။

CONFIDENTIAL



အခန်း(၈)

# ဒါရိုက်တာအဖွဲ့၏ တင်ပြချက်

CONFIDENTIAL

## အခန်း(၈) ဒါရိုက်တာအဖွဲ့၏ တင်ပြချက်

၂၀၂၁ ပြည့်နှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့ရှိ ဒါရိုက်တာအဖွဲ့၏ တင်ပြချက်ကို မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် အညီ နိုင်ငံတကာဘဏ္ဍာရေး အစီရင်ခံခြင်းဆိုင်ရာစံများ (International Financial Reporting Standards) နှင့်အညီ ပြုစုထားပါသည်။

### (က) ဆုံးရှုံးနိုင်ခြေရှိ အန္တရာယ်များ စီမံခန့်ခွဲမှု

ဆုံးရှုံးနိုင်ခြေရှိ အန္တရာယ်များအား စီမံခန့်ခွဲမှု ရှင်းလင်းချက်ကို စာမျက်နှာ (၃၇) တွင် ပြည့်စုံစွာ ဖော်ပြထားပါသည်။

### (ခ) အစုရှယ်ယာအမြတ်ခွဲဝေခြင်း

၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွက် အမြတ်ဝေစုခွဲဝေခြင်းမပြုရန် ဒါရိုက်တာအဖွဲ့ဝင်များမှ အဆိုပြုထားပါသည်။

### (ဂ) သိသာထင်ရှားသော လုပ်ငန်းပိုင်းဆိုင်ရာ အပြောင်း အလဲများ

၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ရုံးခွဲများကို ရင်းနှီးမြှုပ်နှံမှု/သီးခြားအဖွဲ့အစည်းတစ်ခုအနေဖြင့် စာရင်းရေးဆွဲခြင်းမပြုဘဲ ကုမ္ပဏီတစ်ခုတည်းအဖြစ် စာရင်းပေါင်း၍ ရေးဆွဲထားပါသည်။ ယခင်နှစ်များတွင် ရင်းနှီးမြှုပ်နှံမှုအနေဖြင့် သီးခြားစာရင်းရေးသွင်းပြီး ရရှိလာသောအရှုံးအမြတ်ကို ရင်းနှီးမြှုပ်နှံမှုမှ ပြန်လည်ရရှိငွေအဖြစ် စာရင်းရေးသွင်းခဲ့ပါသည်။

### (ဃ) ဘဏ္ဍာရေးရှင်းတမ်းများ ထုတ်ပြန်ပြီး နောက်ပိုင်း ကာလ

ဘဏ္ဍာရေးရှင်းတမ်းများထုတ်ပြန်ပြီးနောက်ပိုင်းကာလတွင်အရေးပါသောပြောင်းလဲမှုများမရှိကြောင်းအသိပေးအပ်ပါသည်။

### (င) ပြင်ပစာရင်းစစ်

မြန်မာနိုင်ငံ ကုမ္ပဏီများ အက်ဥပဒေအရ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွက် ပြင်ပစာရင်းစစ်အဖြစ် KKK Audit Firm အား ခန့်အပ်နိုင်ရန် ဒါရိုက်တာအဖွဲ့က နှစ်ပတ်လည် အထွေထွေအစည်းအဝေးတွင် အစုရှယ်ယာ ရှင်များ၏ ဆုံးဖြတ်ချက် ရယူသွားမည် ဖြစ်ပါသည်။

ဒါရိုက်တာအဖွဲ့ကိုယ်စား



သန်းထိုက်လွင်
အမှုဆောင် အရာရှိချုပ်

PROVEN
GROUP OF COMPANIES

info@toyobatterymyanmar.com

www.toyobatterymyanmar.com

Toyo and Lion Battery Myanmar

toyo battery myanmar

No. F/S-14, Shwe Sabai Yeik Mon, Bayintnaung Road, Kamaryut Township, Yangon, Myanmar
Hotline -09 420077507, 09 78000 2400